# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။


**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 13 May 2026 ၁၂၁၇၇


## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ်(၃ /၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈ နည်းဥပဒေခွဲ(ခ) တို့အရ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၄ ရက်) ကြာသပတေးနေ့၊ ၁၀ ၀၀ နာရီ အချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)အောင်လင်းဒွေး
နာယက

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ်( ၂ /၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် (၂၀၂၆ခုနှစ်၊ ဇွန်လ ၂ ရက်) အင်္ဂါနေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)
ခင်ရီ
ဥက္ကဋ္ဌ

## တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ်( ၁ /၂၀၂၆ )

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၅ နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ) တို့အရ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်) အင်္ဂါနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)အောင်လင်းဒွေး
ဥက္ကဋ္ဌ

# မန္တလေး-မြစ်ကြီးနားလမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ နိုင်ငံတော်အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည် လည်ပတ်စေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကုန်ပစ္စည်းများတင်ဆောင်လာသည့်မော်တော်ယာဉ်များ မြို့အသီးသီးသို့ရောက်ရှိ



## ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာကျေးဇူးတင်စွာကြိုဆို

နေပြည်တော် မေ ၁၂

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့် ဒေသများ၌ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter–Terrorism Operation) များကို ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်၍ မြို့ရွာများအား အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ပြီး ပြည်သူလူထုအတွက်အရေးပါသည့် ဆက်သွယ်ရေးလမ်းကြောင်းများအနက် တစ်ခုဖြစ်သော မန္တလေး–မတ္တရာ–သပိတ်ကျင်း– တကောင်း– ထီးချိုင့်–ကသာ–အင်းတော်–မော်လူး–နန့်စီးအောင်–မိုးညှင်း–မိုးကောင်း–မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ကို မေ ၆ ရက်တွင် အပြည့်အဝထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကသာမြို့၌ တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒေသခံများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။




ကြေးမုံ

# မျိုးဆက်အားလုံးကျန်းမာရေး ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

ကြိုတင်ကာကွယ်ခြင်းသည် ရောဂါဖြစ်မှ ကုသခြင်းထက် ပိုမိုကောင်းမွန်သည်ဟု ဆိုထားသည်။ မဖြစ်ခင်က ကြိုတင်ကာကွယ် တားဆီးထားခြင်းအားဖြင့် ရောဂါဘယများ အထူးသဖြင့် ကူးစက်ရောဂါများမှ ကင်းဝေးမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် ပုံမှန်ဖြစ်ပွားနေကျ ကူးစက်ရောဂါအမျိုးမျိုးအပြင် တစ်ကမ္ဘာလုံး ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ယခုနောက်ဆုံးပေါ် ကာကွယ်ဆေးမရှိသေးသည့် ဟန်တာဗိုင်းရပ်စ် ကူးစက်ရောဂါတစ်မျိုးဖြစ်ပွားမှုနှင့်ပတ်သက်၍ မဖြစ်မီက ကြိုတင်ကာကွယ် တားဆီးထားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုလွှမ်းခြုံမှုကို ဆန်းစစ်ကြည့်ရာတွင် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ၁၈၈၉ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယခုအခါ ဆုံဆို့၊ ကြက်ညှာ၊ ချောင်းဆိုး၊ ဝက်သက်၊ မေးခိုင်စသည့် ရောဂါ ၁၃ မျိုးကို ကာကွယ်ဆေးများဖြင့် ကမ္ဘာ့နိုင်ငံများနည်းတူ တိုးချဲ့ထိုးနှံပေးလျက်ရှိပြီး မျိုးဆက်တိုင်းအတွက် ရောဂါကာကွယ်ပေးလျက်ရှိသည်။ ၂၀၂၀-၂၀၂၁ ခုနှစ်၌ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ကာကွယ်ဆေးများ၏ လွှမ်းခြုံမှုအခြေအနေမှာ ၅၀ ရာခိုင်နှုန်းအောက်သာရှိခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် ရောဂါကာကွယ်ဆေးများ၏ လွှမ်းခြုံနိုင်မှုအခြေအနေသည် ၈၀ ရာခိုင်နှုန်းအထက်သို့ ရောက်ရှိခဲ့သည့်အတွက် ရောဂါကာကွယ်ဆေး လွှမ်းခြုံမှုရာခိုင်နှုန်း ပြန်လည်မြင့်တက်လာသည်ကို တွေ့နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ရက်ပေါင်း (၁၀၀) စီမံချက်ကာလအတွင်း၌ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းပါရှိသဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းစီမံချက်များကို ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော မန္တလေးငလျင်ကြီး လှုပ်ခတ်မှုအပြီးတွင် ရက်သတ္တပတ်အတွင်း ထိခိုက်ဒဏ်ရာရရှိသူများ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ဟန့်တားနိုင်ရေး ကာကွယ်ဆေးတိုက်ကျွေးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများနှင့် ကိုဗစ်-၁၉ ရောဂါနှင့် အခြားရောဂါများအတွက်လည်း ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

ယခုနှစ်အတွက် ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနား၏ဆောင်ပုဒ်သည် For Every Generation, Vaccines Work ဖြစ်ပြီး "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏စွမ်းပကား" ဟုဆိုထားသည်။ အဆိုပါအထိမ်းအမှတ် အခမ်းအနားဆောင်ရွက်ရသည့် အဓိကရည်ရွယ်ချက်သည် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းဖြင့် အသက်အရွယ်မရွေး၊ လူမျိုးဘာသာမရွေး ပြည်သူလူထုအားလုံးကို ကာကွယ်ဆေးဖြင့် ရောဂါဘယဘေးမှ တားဆီးပေးနိုင်သည် ဆိုသည့်အသိပညာကို မြှင့်တင်ဆောင်ရွက်ပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းသည် ကူးစက်မြန်ရောဂါများမဖြစ်ပွားရန်၊ ၎င်းရောဂါများကြောင့် အသက်သေဆုံးရခြင်းများမှ ကာကွယ်ရန်နှင့် နောက်ဆက်တွဲဆိုးကျိုးများမဖြစ်ပွားစေရန်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ကလေးမိဘများအနေဖြင့် ကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်၍ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသောကြောင့် မြန်မာနိုင်ငံတွင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ အစုအပြုံလိုက်ဖြစ်ပွားမှုမရှိတော့ပေ။ နိုင်ငံတော်အနေဖြင့် ကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရရှိနိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေမှ အလုံးစုံကျခံပြီး ဝယ်ယူသည့်နည်းလမ်း၊ နိုင်ငံတော်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းတို့ အချိုးကျထည့်ဝင်၍ ဝယ်ယူသည့်နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။ နှစ်စဉ်နိုင်ငံပိုင် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်အထိ ကျခံသုံးစွဲလျက်ရှိပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ နိုင်ငံတစ်ဝန်း လွှမ်းခြုံ၍ အလေးထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူလူထု အသက်ရှည်ကျန်းမာရေး၊ မျှော်မှန်းလူ့သက်တမ်းမြင့်မားရေးနှင့် အနာဂတ်မျိုးဆက်များ ကျန်းမာကြံ့ခိုင်ရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး ကာကွယ်ဆေးထိုးနှံခြင်းနည်းလမ်းများသည် မဖြစ်မီက ကြိုတင်ကာကွယ်တားဆီးထားသဖြင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုသည့် လုပ်ငန်းစဉ်များဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဦးစားပေး ဆောင်ရွက်ပေးလျက်ရှိရာ သက်ဆိုင်ရာကျန်းမာရေးအဖွဲ့အစည်းများနှင့်အတူ လူမှုအသိုက်အဝန်းတစ်ရပ်လုံးက တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန် / ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်သန္တာလေးအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## (၁၂-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၂~၃၆၆၆.၂ | ၅၅၇.၈~၅၅၈.၇ | ၁၂၅.၅~၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၁၂၅,၄၂၇.၇၆ | ၁၁,၉၆၁,၆၅၉.၄၀ | ၈၆,၄၇၅,၉၃၀.၉၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ မုယော၊ စက်မှုကုန်ကြမ်း ၊ ဓာတ်မြေသြဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၁ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၁၂ - ၅ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၂၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၄,၀၀၀ | ၁၃,၅၀၀ | ၂,၀၈၇ | ၂၈,၁၇၅,၀၀၀ |
| MTSH | ၆,၃၀၀ | ၆,၃၀၀ | ၁၆,၆၃၆ | ၁၀၅,၆၀၈,၄၀၀ |
| MCB | ၉,၄၀၀ | ၉,၄၀၀ | ၁,၆၅၀ | ၁၅,၅၁၀,၀၀၀ |
| FPB | ၄,၂၀၀ | ၄,၄၀၀ | ၂,၀၅၄ | ၈,၈၇၂,၀၀၀ |
| TMH | ၃,၂၅၀ | ၃,၂၅၀ | ၃ | ၉,၇၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၆,၅၃၉ | ၁၁,၄၄၃,၂၅၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၃၆ | ၁၄၂,၂၀၀ |
| MAEX | ၄,၁၀၀ | ၄,၁၀၀ | ၃၂၂ | ၁,၃၂၀,၂၀၀ |
| MADPL(PLB) | ၃,၈၀၀ | ၃,၈၀၀ | ၃၇၆ | ၁,၄၂၈,၈၅၀ |
| ASPGB(PLB) | ၃၈,၀၀၀ | ၃၈,၀၀၀ | ၁၀၀ | ၃,၈၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော်ထုတ်ပြန်

**နေပြည်တော် မေ ၁၂**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်(အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ် - ၁ (I - 1) သို့ ၂၀၂၆ ခုနှစ်၊ မေလ ၃၀ ရက် (စနေနေ့) ထက်မစော၊ မေလ ၃၁ ရက်(တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ပါသည်။

**သတင်းစဉ်**

## တတိယအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် အမျိုးသားလွှတ်တော် ထုတ်ပြန်

**နေပြည်တော် မေ ၁၂**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ် ဇွန်လ ၂ ရက်၊ (အင်္ဂါနေ့)၊ နံနက် ၁၀:၀၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ အမျိုးသားလွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ်-၁၉ (I -19)သို့ ၂၀၂၆ ခုနှစ် မေလ ၃၀ ရက်(စနေနေ့) ထက်မစော မေလ ၃၁ ရက်(တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်းသတင်းပို့ကြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ပါသည်။

**သတင်းစဉ်**



ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ မန္တလေးမြို့မှ စတင်ထွက်ခွာစဉ်။





ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ မတ္တရာမြို့အား ဖြတ်သန်းထွက်ခွာစဉ်။




ထီးချိုင့်မြို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒေသခံများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။



အင်းတော်မြို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒေသခံများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

☆ **ရွှေဖုံးမှ**

မြန်မာနိုင်ငံ၏ မြောက်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောအခြေခံအဆောက်အအုံတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အထိ ဆက်သွယ်ထားသည့် မန္တလေး- မတ္တရာ-သပိတ်ကျင်း- တကောင်း- ထီးချိုင့်- ကသာ- အင်းတော်-မော်လူး-နန့်စီးအောင်- မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေး လမ်းကြောင်းအား အကြမ်းဖက် သောင်းကျန်းသူများက ယာယီစိုးမိုးပိတ်ဆို့ထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုများတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ပြီး စားနပ်ရိက္ခာနှင့် နေ့စဉ်သုံးပစ္စည်းများ ရှားပါးလာခြင်း၊ ဆေးဝါးနှင့် အရေးပေါ်သုံး ပစ္စည်းများ လုံလောက်စွာ မရရှိတော့ခြင်း၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များအား အတင်းအဓမ္မဆက်ကြေး ကောက်ခံခြင်းများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ စီးပွားရေး လုပ်ငန်းများအတွက် ကုန်ကြမ်းများ ပြတ်လပ်ပြီး ကုန်ချောထုတ်လုပ်မှုတွင် အခက်အခဲများဖြစ်ပေါ်ကာကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ကုန်ပစ္စည်းများလည်း ဈေးကွက်သို့မရောက်ရှိတော့ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများတွင် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါ ဆက်သွယ်ရေး လမ်းကြောင်းအား တပ်မတော်က အပြည့်အဝ ပြန်လည်သိမ်းပိုက်၍ တပ်မတော်စစ်ကြောင်းများက လမ်းကြောင်းတစ်လျှောက်ရှိ အတားအဆီးနေရာများအား လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းပြီး အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများအား အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေးနှင့် ပို့ဆောင်ဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရေးတို့အတွက် တပ်မတော်မှ စစ်မြေပြင်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ ပြန်လည်ပြုပြင် တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆိုပါလမ်းကြောင်း တစ်လျှောက်ရှိ မြို့၊ ရွာများ၌ အစိုးရ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်ဒေသများ၌ ပြန်လည် အခြေချနေထိုင်စဉ် စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေး၊ ကျောင်းဖွင့်ရာသီအမီ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ အချိန်မီရောက်ရှိရေး၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြားသော လိုအပ်ချက်များကို ပြန်လည် ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများသည် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များနှင့် စက်သုံးဆီများ တင်ဆောင်လာသော မော်တော်ယာဉ်များ၊ ကုန်ပစ္စည်းများ တင်ဆောင်ပြီး ကုန်သည်များ လိုက်ပါလာသည့် မော်တော်ယာဉ်များ၊ ဒေသခံခရီးသွား ယာဉ်များနှင့်အတူ မေ ၉ ရက်တွင် မန္တလေးမြို့မှ စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာဝန်ထမ်းများသည် ကုန်ပစ္စည်းများ တင်ဆောင်လာသည့်မော်တော်ယာဉ်များနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့၊ ကသာမြို့၊ အင်းတော်မြို့နှင့် မော်လူးမြို့တို့သို့ ရောက်ရှိစဉ် အဆိုပါမြို့များရှိ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက လည်းကောင်း၊ ထိုမှတစ်ဆင့် မေ ၁၂ ရက် ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက လည်းကောင်း အိုးစည် ဒိုးပတ်များ၊ အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကျေးဇူးတင် ဝမ်းမြောက်စွာကြိုဆိုခဲ့ကြကြောင်း သိရသည်။

မန္တလေး- မြစ်ကြီးနား လမ်းကြောင်း တစ်လျှောက်ရှိ မြို့ရွာအသီးသီး၌လည်း နိုင်ငံတော်အစိုးရမှ တာဝန်ရှိသူများနှင့် တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှု ယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးစသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို

**စာမျက်နှာ ၄ သို့** ☆

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

နေပြည်တော် မေ ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ၌ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး ကျေးရွာတွင်း လမ်းတံတားလုပ်ငန်းများ၊ ကျေးရွာရေရရှိရေးနှင့် ကျေးရွာမီးရရှိရေးလုပ်ငန်းများနှင့် ကျေးလက်ဆေးပေးခန်းကိုလည်းကောင်း၊ ဝက်မွေးမြူရေးလုပ်ငန်းများနှင့် စက်ရက်ကန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အေးချမ်းသာစံပြကျေးရွာရှိ အေးချမ်းသာစံပြစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းသား တောင်သူတစ်ဦး၏ နွေစပါးစိုက်ပျိုးထားရှိမှု၊ ပုဗ္ဗသီရိမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာအနီးရှိ စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေး သမဝါယမအသင်း၏ သဘာဝမြေသြဇာထုတ်လုပ်နေမှုနှင့် နို့စားနွားများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



☆ စာမျက်နှာ ၃ မှ

အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် မော်တော်ယာဉ်များဖြင့် ပါရှိလာသည့် အခြေခံစားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို မြို့ရွာအသီးသီးရှိ ဒေသခံပြည်သူများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ တစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည်။ ထို့အပြင် အဆိုပါ မော်တော်ယာဉ်များနှင့် အတူ ပါရှိလာသည့် ကုန်သည်များ သယ်ဆောင်လာသည့် လူသုံးကုန်ပစ္စည်းများအား လမ်းကြောင်းတစ်လျှောက်ရှိ မြို့/ရွာများအတွင်း ပို့ဆောင် ရောင်းချနိုင်ခဲ့သဖြင့် ဒေသတွင်း ကုန်ဈေးနှုန်းကြီးမြင့်ခဲ့မှုများကို လျှော့ချပေးနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ယခုအခါ အဆိုပါ လမ်းကြောင်း တစ်လျှောက်တွင် ခရီးသွား မော်တော်ယာဉ်များ၊ ကုန်စည်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း သိရသည်။



ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များအား မြစ်ကြီးနားမြို့မှ ဒေသခံများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

ယခုကဲ့သို့ မန္တလေး–မြစ်ကြီးနား ဆက်သွယ်ရေး လမ်းကြောင်း ပြန်လည် ဖွင့်လှစ်နိုင်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏သွားလာနေထိုင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ ပုံမှန်အတိုင်း အဆင်ပြေချောမွေ့လာပြီး လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှု၏ အကျိုးကျေးဇူးများကို ပြန်လည်ခံစားနိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍများလည်း ပြန်လည်ရရှိတော့မည်ဖြစ်သဖြင့် ဝမ်းမြောက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် မြို့၊ ရွာများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြမည်ဟု ဝမ်းမြောက်စွာ ရင်ဖွင့်ပြောကြားခဲ့ကြောင်း သိရှိရသည်။

လမ်းတံတားဟူသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးသည့် အခြေခံအဆောက်အအုံများတွင် ပါဝင်ပြီး လမ်းတံတားများ ကောင်းမွန်မှသာ လူနှင့်ကုန်စည်များ သွားလာပို့ဆောင်မှုကို မြန်ဆန်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည်။ ထို့ပြင် လမ်းတံတားများသည် ကျေးလက်နှင့်မြို့ပြဒေသများကို ဆက်သွယ်ပေးနိုင်သဖြင့် ပညာရေး၊ ကျန်းမာရေးနှင့်အခြားသော လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ရရှိစေမည်ဖြစ်ပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်လုံခြုံရေးအတွက်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သဖြင့် လမ်းနှင့်တံတားများသည် နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အကျိုးသက်ရောက်စေနိုင်သည့်အတွက် မြို့ရွာများနှင့် လမ်းတံတားများကို ဖျက်ဆီးပြီးပြည်သူများအား အနိုင်ကျင့်နှိပ်စက်သည့် အကြမ်းဖက်သောင်းကျန်းသူများအား ပြည်သူလူထုတစ်ရပ်လုံးက ရွံရှာမုန်းတီးလျက်ရှိကြကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ရွာအသီးသီးရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုသည်နိုင်ငံတော်၊ တပ်မတော်တို့နှင့်အတူ တစ်သားတည်းရှိနေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆက်သွယ်ရေးလမ်းကြောင်း ဖွင့်လှစ်မှုနှင့်ပတ်သက်၍ ဒေသခံများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိခဲ့ရပါသည် –

၁။ ကျွန်မတို့ အခုဒီလမ်းဖွင့်ပွဲအစီအစဉ်ကတော့ မြစ်ကြီးနားနဲ့ မန္တလေး။ ဒီလမ်းကို မေ ၆ ရက်မှာ ဖွင့်လှစ်လိုက်တယ်ဆိုတာ ကျွန်မတို့ သိရပါတယ်။ မေလ ၆ ရက်နေ့မှာ ဖွင့်လှစ်တဲ့လမ်းကတော့ နိုင်ငံတော် အကြီးအကဲတွေနဲ့ တပ်မတော်ဌာနဆိုင်ရာ အကုန်လုံး ပူးပေါင်းပြီးမှ ဒီလမ်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရပါတယ်။ ဒီလမ်းဖွင့်လှစ်ခဲ့တဲ့ အချိန်ကနေစပြီး ယာဉ်တန်းကြီးနဲ့ ဌာနဆိုင်ရာမှာ တာဝန်ထမ်းဆောင်တဲ့၊ ဒေသအသီးသီးမှာ တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းတွေလည်း ပါရှိလာ



တယ်။ ဒီယာဉ်တန်းကြီးနဲ့အတူ ပါလာတယ်။ စားနပ်ရိက္ခာ၊ ကုန်စည်တွေနဲ့ ထုတ်ကုန်လူသုံးကုန်ပစ္စည်းတွေလည်း ပါခဲ့တယ်ဆိုတာ ကျွန်မတို့ သိခဲ့ရပါတယ်။ အကြောင်း အမျိုးမျိုးကြောင့် ရှောင်နေကြတဲ့ ကိုယ့်ဒေသနဲ့ ရပ်ကျေးနဲ့ စွန့်ခွာပြီးနေတဲ့လူတွေရော ဒီကျောင်းမဖွင့်ခင်မှာ ကိုယ့်ကလေးတွေ ပညာသင်ကြားဖို့အတွက်လည်း ကျွန်မတို့ကို နိုင်ငံတော် အစိုးရကလည်း ပံ့ပိုးထားပါတယ်။ ဒါကြောင့် ကျွန်မတို့ ကိုယ့်နေရာနဲ့ကိုယ် ပြန်သွားပြီးတော့ အချိန်မီ ကလေးတွေကို ကျောင်းအပ်နိုင်ရန်အတွက် ကျွန်မတို့စီစဉ်ထားပါတယ်။ ဒါကို ကျွန်မတို့ သိရပါတယ်။ ဒါကြောင့် ကိုယ့်အိုးကိုယ့်အိမ်ကို၊ ကိုယ့်ဒေသကို ပြန်လည်ရောက်ရှိသွားအောင် ကိုယ့်ဟာကိုယ်သွားပြီးမှ ကလေးတွေ ပညာရေးအတွက်ကိုလည်း နောက်မကျအောင်၊ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်စီစဉ်ပေးနေတယ်ဆိုတာလည်း ကျွန်မတို့ သိရတယ်။ အဲဒါကြောင့် ကိုယ့်နေရာနဲ့ကိုယ် ကိုယ့်ဒေသကို ပြန်သွားဖို့လည်း ကျွန်မအနေနဲ့ တိုက်တွန်းလိုပါတယ်။ ဒါကြောင့် ဒီနေ့ကျတော့ ကျွန်မတို့မြစ်ကြီးနားမှာ ရောက်ရှိလာမှာဖြစ်တဲ့အတွက် ကျွန်မတို့ လာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်



ဒီလမ်းပွင့်သွားတဲ့ အတွက် ကုန်စည်စီးဆင်းမှုတွေကလည်း ကုန်ဈေးနှုန်းတွေ ပုံမှန်ကျဆင်းလာပြီး ကျွန်မတို့ ခရီးသွားလာရေး လှုပ်ရှားမှုကလည်း ပုံမှန်အတိုင်း သွားလာလို့ရတဲ့အတွက် ကျွန်မတို့ ပြည်သူအနေနဲ့လည်း အထူးပဲ ဝမ်းမြောက်ပါတယ်လို့ ကျွန်မအနေနဲ့ပြောချင်ပါတယ်။ အထူးကျေးဇူးတင်ပါတယ်။

၂။ အခုလို ယာဉ်တန်းတွေ ဝင်လာတဲ့အတွက် ကုန်စည်ပစ္စည်းတွေလည်း သက်သာလာတော့မှာပါ။ ပြီးရင် အဘက်ဘက်ကလည်း အားလုံး အဆင်ပြေလာတော့မှာပါ။ ဒီယာဉ်တန်းတွေမှာ ဝန်ထမ်းတွေလည်း ပါလာတာသိရပါတယ်။ ဒီထဲမှာ ကျောင်းသုံးပစ္စည်းတွလည်း ပါလာမှာ ဖြစ်တယ်လို့ သိရပါတယ်။ အဲဒီအတွက် ကျောင်းဖွင့်ရာသီလည်း ရောက်တော့မှာဖြစ်တဲ့အတွက် မိဘပြည်သူတွေအနေနဲ့လည်း ကိုယ့်သားသမီးတွေ ပညာတတ်မြောက်နိုင်ရေးအတွက် ကျောင်းထားကြပါလို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

၃။ လမ်းပန်း ဆက်သွယ်ရေး အဆင်ပြေသွားတဲ့ အတွက် အနယ်နယ်အရပ်ရပ်မှာ ရှိကြတဲ့ ကျောင်းသားတွေဟာ ဆိုရင် ကိုယ့်ရွာကိုပြန်ပြီးတော့ အခုလိုမျိုး ကျောင်းတက်ခွင့်ရတဲ့အတွက် ကျွန်မ ဂုဏ်ယူဝမ်းမြောက်မိပါ



တယ်။ အခုလိုမျိုး အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်အိမ်ကိုယ့်ပြည်ကို စွန့်ခွာသွားကြတဲ့သူတွေလည်း အခုကျောင်းဖွင့်ရာသီရောက်လာသည့် နည်းတူ အတူတကွ ကျောင်းလာအပ်ကြဖို့ တိုက်တွန်းလိုပါတယ်။ ကျွန်မလိုမျိုး ကျောင်းသားကျောင်းသူတွေလည်း ကျောင်းမှာ ပြန်အပ်နှံဖို့ ကျွန်မတိုက်တွန်းလိုပါတယ်။

**သတင်းစဉ်**

■

## ရေကြည်မြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေး

ရေကြည် မေ ၁၂

ရှောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ အစိုးရ၏ရက်(၁၀၀)စီမံချက်ဖြင့် ယနေ့နံနက်ပိုင်းက တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ပေးလျက်ရှိသည်။

ရေကြည်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးစရိတ်ထုတ်ချေးပေးရန် တောင်သူ ၇၁၆၀၊ စိုက်ပျိုးဧက ၄၆၀၀၀ အတွက် ချေးငွေများ ချေးပေးမည်ဖြစ်ပြီး ယနေ့တွင် တောင်လယ်ကျေးရွာအုပ်စုမှ တောင်သူ ၃၀၊ စိုက်ဧက ၂၁၁ ဧက အတွက် ငွေကျပ် ၆၃၃ သိန်းကို စတင်ထုတ်ချေးပေးခဲ့သည်။

ရေကြည်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးသည့် ကျေးရွာအုပ်စု ၇၅ အုပ်စုရှိရာ တစ်ဧကလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် မေ ၁၂ ရက်မှစတင်၍ စက်တင်ဘာလကုန်အထိ မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရန်ကုန်တိုင်းဒေသကြီး အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် မေ ၁၂**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ရန်ကုန်တိုင်းဒေသကြီး အစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးတို့က သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိနိုင်မည့် အချက်အလက်များအပေါ် အခြေခံ၍ မူဝါဒ၊ စီမံကိန်းများ ရေးဆွဲချမှတ်နိုင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး အစီရင်ခံစာနှင့်ပတ်သက်၍ ဖော်ထုတ်ရရှိနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းဆိုင်ရာ တိုင်းဒေသကြီး အစီရင်ခံစာများကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် ဦးစီးမှူးရုံး၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးနေမှုနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်း လုပ်ငန်း ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် နိုင်ငံသားစိစစ်ရေးကတ်နှင့် Unique Identity(UID) ဆောင်ရွက်ပေးနေမှု ကြည့်ရှုအားပေး



**မိုင်းပန် မေ ၁၂**

မိုင်းပန်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ သွားရောက်အားပေးသည်။

ထို့နောက် မိုင်းတုံမြို့ မြို့မ အုပ်စုတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခုနှစ် သစ်စိမ်း မြေဩဇာ (ပိုက်ဆံလျှော်)ကြဲပက်ခြင်း ကွင်းသရုပ်ပြသမှု၊ မိုင်းတုံမြို့ အခြေခံပညာထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်နှင့် Unique Identity(UID) ဆောင်ရွက်ပေးနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ကြသည်။

ယင်းနောက် မိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းမှုသာ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဒေသအုပ်ချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်သည့်အခါ အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# တောင်တွင်းကြီးမြို့နယ်၌ မြေငှားဂရန်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်



**တောင်တွင်းကြီး မေ ၁၂**

မကွေးတိုင်း ဒေသကြီး တောင်တွင်းကြီး မြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် မြေငှား ဂရန်ထုတ်ပေးနိုင်ရေး မြေပြင် ကွင်းဆင်း ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ညောင်ပင်လှအုပ်စု နတ်စဉ်ကုန်း ကျေးရွာ၌ ဆောင်ရွက်သည်။

ဦးစွာ တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်အဆင့် ကျေးရွာ မြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ငန်းအဖွဲ့က မြေငှားဂရန် လျှောက်ထားခွင့် ရှိသူများနှင့် ကနဦးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ကျေးရွာတာဝန်ရှိသူများအား ဆွေးနွေးပြောကြားပြီး ကျေးရွာမြေငှားဂရန် လျှောက်ထားမည့် မြေနေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **နောင်နောင်(ဗိုလ်သနိုးမြေ)**



# မြဝတီမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ပေးအပ်ပွဲကျင်းပ

**မြဝတီ မေ ၁၂**

ကရင်ပြည်နယ် မြဝတီမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးမှ ကြီးမှူး၍ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ကာလအတွင်း ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Unique Identity(UID) ကတ်များ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၅)ရပ်ကွက်ရှိ ကိုးနဝင်းဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေးက အမှာစကားပြောကြားပြီး ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မြင့်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်း ဆောင်ရွက်ပေးမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အမှတ်(၅)ရပ်ကွက်အတွင်းရှိ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသူ ပြည်သူ ၁၂၀ တို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များအား ပြည်သူတို့၏ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# ဒလမြို့နယ်၌ လူရည်ချွန်ကျောင်းသားအား ဂုဏ်ပြုကြိုဆို



**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒလ မြို့နယ် ဟာမိုနီကိုယ်ပိုင်အထက်တန်းကျောင်းတွင် ၂၀၂၆ ပညာသင်နှစ် လူရည်ချွန်ရရှိသော မောင်ဇွဲခန့်လွင်အား ယနေ့နံနက်ပိုင်းက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ဂုဏ်ပြုပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ အဖွဲ့ဝင်ဦးရွှေလှိုင်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်စမ်းစမ်းမာက ဂုဏ်ပြုချီးမြှင့်စကားပြောကြားသည်။ ဆက်လက်၍ ၂၀၂၆ ပညာသင်နှစ် လူရည်ချွန် ထူးချွန်ဆုရရှိသော Grade-10 ကျောင်းသား မောင်ဇွဲခန့်လွင်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ဟာမိုနီကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဘုန်းကြွယ်ဖုံနှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**



ပုသိမ်ခရိုင်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မေ ၁၂ ရက်မှစတင်၍ ပုသိမ်ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်သူရ ဦးဆောင်သော ခရိုင်/မြို့နယ်/နယ်မြေများမှ တပ်ဖွဲ့ဝင်များက လူ၊ ပစ္စည်း အသင့်စုဖွဲ့ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။ မေချို

**သစ်ပင်စိုက်မှ အရိပ်ရ၏**
**ရိပ်ခိုနားနေ အပန်းပြေ၏**

# မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲများ

**ကျော်သန်း**




၂၀၂၆ ခုနှစ် မေလ ၁၄ ရက်နေ့မှ ၁၈ ရက်နေ့အထိ အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ပါသည်။

မြန်မာ့ကာယဗလ အားကစားကို တိုးတက် မြင့်မားစေရေးအတွက် အောက်ပါရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် (WBPF)၊ အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် (ABBF) နှင့် အရှေ့တောင်အာရှ ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် (SEABPF)တို့၏ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊

(ခ) နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲတစ်ရပ်ကိုလက်ခံကျင်းပခြင်းဖြင့် အာဆီယံဒေသတွင်း နိုင်ငံများအတွင်း မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ပေးရန်၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသော ပကတိအခြေအနေကို ပြိုင်ပွဲဝင်နိုင်ငံအသီးသီးက အမှန်အတိုင်း သိမြင်နားလည်စေရန်၊

(ဃ) နိုင်ငံတော် စဉ်ဆက်မပြတ်တိုးတက် ခိုင်မာစေရေးအတွက် အမျိုးသားကျန်းမာရေးကဏ္ဍကို အလေးထား မြှင့်တင်ပေးရန်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲများကို ပြန်လည်သုံးသပ်ကြည့်ပါက နိုင်ငံတော်၏ အားပေးမှု၊ ဝန်ကြီးဌာန၏ပံ့ပိုးမှု၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့၏ မဆုတ်မနစ်သော ကြိုးစားအားထုတ်မှုတို့ဖြင့် မှတ်တမ်းကောင်းများ ရရှိခဲ့သည်ကို တွေ့ရှိရပါသည်။

### ကာယဗလနှင့် ကာယအလှ အားကစားလှုပ်ရှားမှုများကို စတင်ကြိုးပမ်းဆောင်ရွက်

၁၉၉၁ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်ကို သီးခြားဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီးနောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်လွင်သည် ကာယဗလနှင့် ကာယအလှ အားကစားလှုပ်ရှားမှုများကို စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ နှစ်စဉ်ပြည်တွင်းပြိုင်ပွဲများအပြင် နိုင်ငံတကာပြိုင်ပွဲများသို့ ဗလမောင်များ စေလွှတ်ယှဉ်ပြိုင်စေခဲ့ပါသည်။

၁၉၉၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အဖွဲ့ချုပ်ဥက္ကဋ္ဌတာဝန်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးကျော်ဝင်းက လွှဲပြောင်းယူခဲ့ပါသည်။ ဥက္ကဋ္ဌ ဦးကျော်ဝင်းသည်ကာယဗလအားကစားကို ငယ်စဉ်ကပင် ရူးသွပ်ခဲ့သူတစ်ဦးဖြစ်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌတာဝန်ယူချိန်တွင် ကာယဗလအားကစားကို အရှေ့တောင်အာရှနှင့် အာရှနိုင်ငံများက လေးစားလောက်သည့်အဆင့် ရောက်ရှိရေးကို ရည်မှန်း၍ အားကစားတိုးတက်မြင့်မားရေးအတွက် အစွမ်းကုန်ကြိုးစားခဲ့ပြီး ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ဆွေ၊ အတွင်းရေးမှူး ဦးစိုးဝင်းတို့နှင့်အတူ တန်းမြင့်မောင်ပြိုင်ပွဲ၊ မောင်/မယ်တက္ကသိုလ်ပြိုင်ပွဲနှင့် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲတို့ဖြင့် မြန်မာ့ကာယဗလအားကစားကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတကာပြိုင်ပွဲများတွင် အတွေ့အကြုံကောင်းများ ရရှိရေးအတွက် အာရှကာယဗလအဖွဲ့ချုပ်၊ ကမ္ဘာ့ကာယဗလအဖွဲ့ချုပ်တို့နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

အာရှကာယဗလအဖွဲ့ချုပ် (ABBF)ကို ၁၉၅၉ ခုနှစ်က စတင်တည်ထောင်ဖွဲ့စည်းခဲ့သည့် နိုင်ငံခြောက်နိုင်ငံတွင် မြန်မာနိုင်ငံ ပါဝင်ခဲ့သဖြင့် ကနဦးကပင် မြန်မာ့ကာယဗလအားကစားမှာ နိုင်ငံတစ်ဝန်း လေ့လာလိုက်စား ကစားလျက်ရှိခဲ့ရာမှ ထူးချွန်သည့်အလားအလာကောင်းရှိသူများကို မွေးထုတ်ယှဉ်ပြိုင်နိုင်ခဲ့ပါသည်။

အာရှကာယဗလအဖွဲ့ချုပ် (ABBF)သည် အရှေ့တောင်အာရှဒေသအတွင်း နှစ်နှစ်လျှင် တစ်ကြိမ် လက်ခံကျင်းပကြသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကာယဗလအားကစားကို ထည့်သွင်းကျင်းပခြင်းမပြုပါက ကာယဗလကို လေ့လာလိုက်စားသည့် အားကစားသမားများအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ဆုံးရှုံးပြီး ကာယဗလအားကစားနည်း ကျဆင်းသွားမည်ကို စိုးရိမ်သဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ကာယဗလအားကစားကို အိမ်ရှင်နိုင်ငံက ထည့်သွင်းကျင်းပခြင်းမပြုသည့်နှစ်များတွင် အရှေ့တောင်အာရှ ကာယဗလပြိုင်ပွဲများကို သီးခြားကျင်းပပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ယင်းအတွက် ကာယဗလအားကစားမှာ အာရှအဖွဲ့ချုပ်၏အားပေးပံ့ပိုးမှုဖြင့် နှစ်စဉ် အရှေ့တောင်အာရှ ကာယဗလပြိုင်ပွဲများ ကျင်းပနိုင်ပြီး အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပါသည်။

### ပထမအကြိမ် အရှေ့တောင်အာရှ ကာယဗလပြိုင်ပွဲ

၁၉၉၅ ခုနှစ် စက်တင်ဘာလတွင် အာရှကာယဗလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Paul Chua ၏ ဦးဆောင်မှုဖြင့် စင်ကာပူနိုင်ငံ ကာယဗလအဖွဲ့ချုပ်က ပထမအကြိမ် အရှေ့တောင်အာရှ ကာယဗလပြိုင်ပွဲကို စတင်ကျင်းပပြုလုပ်ခဲ့ပါသည်။ အရှေ့တောင်အာရှ ကိုးနိုင်ငံမှ ကာယဗလပြိုင်ပွဲ အတန်း (၇)တန်းတွင် အားကစားသမား ၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံက ရွှေ (၁)၊ ငွေ (၁)၊ ကြေး (၁) ရရှိကာ အသင်းလိုက်တံခွန်စိုက်ဆုတွင် မြန်မာနိုင်ငံက တတိယ ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၅ ရက်မှ ၉ ရက်နေ့အထိ ဒုတိယအကြိမ် အရှေ့တောင်အာရှကာယဗလပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် ခမ်းနားအောင်မြင်စွာ လက်ခံကျင်းပခဲ့ပါသည်။ ဤပြိုင်ပွဲသည် မြန်မာနိုင်ငံ၏ပထမဆုံး အိမ်ရှင်နိုင်ငံအဖြစ် ကာယဗလအားကစားပြိုင်ပွဲကို လက်ခံကျင်းပခြင်းဖြစ်ရာ ထိုစဉ်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးကိုလေး၏ အဓိကပံ့ပိုးမှုဖြင့် ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသားအားကစားရုံ (၁)တွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ယင်းပြိုင်ပွဲသို့ အရှေ့တောင်အာရှနိုင်ငံ ကိုးနိုင်ငံမှ အားကစားသမား ၄၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ကာယဗလပြိုင်ပွဲ (၇)တန်းတွင် မြန်မာနိုင်ငံက ရွှေ (၂)၊ ငွေ (၃)၊ ကြေး (၁) ရရှိခဲ့ပြီး အသင်းလိုက်တံခွန်စိုက်ဆုရရှိခဲ့ပါသည်။ (၆၀)ကီလိုတန်းအားကစားသမား အောင်နိုင်က အကောင်းဆုံး ကိုယ်ဟန်ပြဆုကို ရရှိခဲ့ပါသည်။

ထို့အတူ အပြည်ပြည်ဆိုင်ရာ ကာယဗလတံခွန်စိုက်ပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံက ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်မှ ၂၆ ရက်နေ့အထိ (၅၅)ကြိမ်မြောက် ကမ္ဘာ့ကာယဗလ တံခွန်စိုက်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ နိုင်ငံပေါင်း ၄၂ နိုင်ငံမှ အားကစားသမားပေါင်း ၁၁၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံက အောင်နိုင်နှင့် ဇော်သိန်းနိုင်တို့က ငွေတံဆိပ်ဆု နှစ်ဆု၊ ထွန်းထွန်းအောင်က ကြေးတံဆိပ် တစ်ဆု ရရှိပါသည်။ ပထမဆုံးအကြိမ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ကမ္ဘာ့အဆင့် ကာယဗလပြိုင်ပွဲဖြစ်သည့်အပြင် မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးအမျိုးသားအသင်း ပထမဆုရရှိခဲ့၍ ကာယဗလအားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

အဖွဲ့ချုပ်သည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်မှ ၂၇ ရက်နေ့အထိ ရန်ကုန်မြို့ MCC ခန်းမကြီးတွင် (၁၁) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလအားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး နိုင်ငံ ခုနစ်နိုင်ငံက အားကစားသမား ၄၀ က ကာယဗလပြိုင်ပွဲ (၈)တန်း ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံက ရွှေ (၃)၊ ငွေ (၂)၊ ကြေး (၂)ဖြင့် အောင်မြင်မှုရရှိခဲ့ပါသည်။

### အမျိုးသမီးကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲများကိုပါ စတင်ထည့်သွင်းကျင်းပ

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်ကို ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်အဖြစ် အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အမျိုးသမီး ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲများကိုပါ ကနဦး စတင်ထည့်သွင်းကျင်းပဆောင်ရွက်ခဲ့ပါသည်။

အဖွဲ့ချုပ်သည် အမျိုးသားကာယဗလပြိုင်ပွဲများအပြင် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲများဖြစ်သည့် Women Athletic Physique၊ Women Model Physique တို့ကိုပါ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာအမျိုးသမီးများ၏ အောင်မြင်မှုများကို ရယူပေးနိုင်ခဲ့ပါသည်။

၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့ရာတွင် ကာယဗလအားကစားကို ထည့်သွင်းကျင်းပခွင့်ရရှိခဲ့ပါသည်။ ပြိုင်ပွဲကို ရန်ကုန်မြို့ MCC ခန်းမကြီးတွင် ၁၄.၁၂.၂၀၁၃ ရက်နေ့မှ ၁၅.၁၂.၂၀၁၃ ရက်နေ့အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံက ရွှေ (၂)၊ ငွေ (၂) ရရှိ အောင်မြင်ခဲ့ပါသည်။ နိုင်ငံတော်က ဂုဏ်ယူစွာ လက်ခံကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကာယဗလ အားကစား၏ အောင်မြင်မှုက နိုင်ငံ့ဂုဏ်ကို ထိုက်တန်စွာ မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

> ❝ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲများကို ပြန်လည်သုံးသပ်ကြည့်ပါက နိုင်ငံတော်၏အားပေးမှု၊ ဝန်ကြီးဌာန၏ပံ့ပိုးမှု၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့၏ မဆုတ်မနစ်သော ကြိုးစားအားထုတ်မှုတို့ဖြင့် မှတ်တမ်းကောင်းများရရှိခဲ့ ❞

စာမျက်နှာ ၇ သို့ ❋

# ပဲခူးတိုင်းဒေသကြီးအတွင်း ရက်(၁၀၀) စီမံချက်ဖြင့် ၂၀၂၆ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေး

ပဲခူး မေ ၁၂

ပဲခူးတိုင်းဒေသကြီးအတွင်း ရက်(၁၀၀) စီမံချက်ဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို သက်ဆိုင်ရာတောင်သူများထံ ပေးအပ်ရာ တောင်သူများကိုယ်စား ပဲခူးမြို့နယ် အုတ်ဖိုကျေးရွာအုပ်စုမှ တောင်သူဒေါ်ဌေးမာစိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို တောင်သူ ၁၇၁၇၁၄ ဦး၏ စိုက်ဧက ၁၀၇၉၅၄၉ ဧကအတွက် ချေးငွေကျပ် ၃၂၃ ဒသမ ၅၃၅ ဘီလီယံထုတ်ချေးရန် လျာထားသည့်အနက် ရက်(၁၀၀)စီမံချက်အနေဖြင့် တောင်သူ ၇၈၉၃၅ ဦး၏ စိုက်ဧက ၅၅၈၈၉၆ ဧကအတွက် ချေးငွေကျပ် ၁၆၇ ဒသမ ၆၆၈ ဘီလီယံကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ဂန့်ဂေါမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ဂန့်ဂေါ မေ ၁၂

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် ရက်(၁၀၀)စီမံချက်ဖြင့် ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဂန့်ဂေါ ခရိုင်ဘဏ်ခွဲရုံးတွင် ကျင်းပသည်။



အဆိုပါ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို စပါးတစ်ဧကလျှင် ကျပ်သုံးသိန်း၊ နှမ်းတစ်ဧကလျှင် ကျပ် နှစ်သိန်းခွဲနှုန်းဖြင့် မြောက်ကုန်းရပ်ကွက်ရှိတောင်သူ ခြောက်ဦး၏ စပါးရှစ်ဧကနှင့် နှမ်း ၁၉ ဧကအတွက် ချေးငွေကျပ် ၇၁၅၀၀၀၀၊ စည်ပင်သာယာရပ်ကွက်ရှိ တောင်သူ ၁၁ ဦး၏ စပါး ၁၄ ဧကနှင့် နှမ်း၂၀ ဧကအတွက် ချေးငွေကျပ် ၉၄၅၀၀၀၀၊ မြို့မရပ်ကွက်ရှိ တောင်သူ ရှစ်ဦး၏ စပါး ၁၀ ဧကနှင့် နှမ်း ၂၈ ဧကအတွက် ချေးငွေကျပ် ၁၀၀၀၀၀၀၀၊ ကျောက်တိုက်ရပ်ကွက်ရှိ တောင်သူခြောက်ဦး၏ စပါး ၁၃ ဧကနှင့် နှမ်း ၁၃ ဧကအတွက် ချေးငွေကျပ် ၇၁၅၀၀၀၀ ဖြင့် တောင်သူ ၃၁ ဦးအတွက် စုစုပေါင်း စိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၃၇၅၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်မျိုးမင်း(ပြန်/ဆက်)

# ဒေးဒရဲမြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ဒေးဒရဲ မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးထုတ်လုပ်မည့် တောင်သူ ၈၈ ဦး၏ မိုးစပါးစိုက်ဧက ၇၂၅ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀ နှုန်းဖြင့် ချေးငွေကျပ် ၂၁၇ ဒသမ ၅ သန်းကို တောင်သူများထံ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေဇာလင်း





# နတ်တလင်းမြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

နတ်တလင်း မေ ၁၂

ပြည်ထောင်စုအစိုးရအဖွဲ့ ရက် (၁၀၀)စီမံချက်ကာလအတွင်း ပဲခူးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နတ်တလင်းမြို့နယ်ဘဏ်ခွဲမှ စိုက်ပျိုးစရိတ်တိုးမြှင့်ထုတ်ချေးခြင်းနှင့် ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နတ်တလင်းမြို့နယ်မှ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ရာနှုန်းပြည့် ပြေကျေသည့် ဂိုတ်တောကြီးကျေးရွာအုပ်စုအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

# ကျိုက်လတ်မြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ကျိုက်လတ် မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေါပုံကျေးရွာအုပ်စုမှ တောင်သူ ၈၀ ၏ စပါးဧက ၅၅၄ ဧကအတွက် ချေးငွေကျပ် ၁၆၆၂ သိန်းကို တောင်သူများထံ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန် /ဆက်)



# ဝါးခယ်မမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေး

ဝါးခယ်မ မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းကို ကကတိုက်၊ အလမန်းကျောင်းစုနှင့် ဝွေးချောင်းကျေးရွာသုံးရွာမှ တောင်သူလယ်သမားများထံသို့ ယနေ့နံနက်မှ စတင်ထုတ်ချေးပေးခဲ့သည်။

ထိုသို့ ချေးငွေထုတ်ချေးရာတွင် တောင်သူ ၁၀၉ ဦး၏ မိုးစပါးစိုက်ပျိုးဧက ၇၆၁ ဧကအတွက် တစ်ဧကလျှင် သုံးသိန်းနှုန်းဖြင့် ချေးငွေကျပ် ၂၂၈၃ သိန်းကို ထုတ်ချေးပေးခဲ့သည်။

၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ဘဏ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃၀ မှ တောင်သူများ၏ စိုက်ပျိုးဧက ၅၃၀၀၀ အတွက် ကနဦးရန်ပုံငွေ အနေဖြင့် ချေးငွေကျပ်သိန်း ၁၅၉၀၀၀ ဆက်လက် ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

လွှမ်းသီဟ (ပြန်/ဆက်)



# ရေးမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲ ကျင်းပ

ရေး မေ ၁၂

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရေးမြို့နယ်ဘဏ်ခွဲမှ စိုက်ပျိုးစရိတ် တိုးမြှင့်ထုတ်ချေးခြင်းနှင့် ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရေးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ (ခေတ္တ) ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရေးမြို့နယ်ဘဏ်ခွဲ မန်နေဂျာ ဒေါ်တင်မျိုးခိုင်က မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေ ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပေးသည်။

ထို့နောက် တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာ အုပ်စု ခြောက်အုပ်စုမှ တောင်သူ ၂၈ ဦး၏ စိုက်ဧက ၁၇၃ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၅၁၉ သိန်းကို တောင်သူတစ်ဦးချင်းထံ ပေးအပ်သည်။

ရေးမြို့တွင် စပါးစိုက် တောင်သူ ၉၇၃ ဦး၏ စိုက်ဧက ၅၅၅၅ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၆၆၆၅ သိန်းကို ထုတ်ချေးပေးရန် လျာထားဆောင်ရွက်ထားကြောင်း သိရသည်။

ရှင်းသန့်ဖြူ

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများအား စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် စနစ်တကျရင်းနှီးမတည်စီမံဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား မေ ၁၂

ကချင်ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံတော်က မတည်ပေးထားသည့် ငွေကျပ် ၈ ဘီလီယံအား စနစ်တကျဖြင့် အရှိန်အဟုန်မပျက် လည်ပတ်နိုင်ရေး ပြည်နယ်အဆင့် ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် ညှိနှိုင်းအစည်း အဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရ အဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ များကို စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေးနှင့် တောင်သူများ စီးပွားဖြစ်ထွန်းစေရေး စနစ်တကျ စီမံဆောင်ရွက်ပေးခြင်းဖြင့် ကဏ္ဍအလိုက်တိုးတက် ဖွံ့ဖြိုးလာအောင် ဆက်လက်ကြိုးစားကြရမည်ဖြစ် ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ များနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြား ပြီး ဌာနဆိုင်ရာများက ချေးငွေအသစ်ချထားပေးနိုင် ရေးတင်ပြလာသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်းများနှင့် ဆီစက်၊ ဆန်စက်များ အဆင့် မြှင့်တင်နိုင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကဏ္ဍ အလိုက် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြကြရာ တင်ပြ ချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





## မင်းလှမြို့၌ မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများ တိုးမြှင့်ထုတ်ချေးပေး

မင်းလှ မေ ၁၂

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲက မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးပေးခြင်း ကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဒေါ်အေးအေးမွှုံက စိုက်ပျိုးစရိတ်များ တိုးမြှင့်ထုတ်ချေးပေးရခြင်း အကြောင်းနှင့် ချေးငွေများထုတ်ယူရာတွင် လိုက်နာရမည့်စည်းကမ်း များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးရွာအုပ်စုပေါင်း ၅၆ အုပ်စုမှ မိုးစပါးစိုက်ပျိုးစရိတ် အစောဆုံးအကျေပေးဆပ်နိုင်သည့် သာယာကုန်းကျေးရွာအုပ်စုနှင့် ရွှေဝါမြိုင်ကျေးရွာအုပ်စုတို့ရှိ တောင်သူ ၁၃၄ ဦး၏ ဧကပေါင်း ၉၈၆ ဧက အတွက် တစ်လျှောင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ပေါက်စ(မင်းလှ)

## ကြို့ပင်ကောက်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်များ တိုးမြှင့်ထုတ်ချေး

ကြို့ပင်ကောက် မေ ၁၂

ပဲခူးတိုင်းဒေသကြီး ကြို့ပင် ကောက်မြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ ရက်(၁၀၀) စီမံချက်အနေဖြင့် မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေး ခြင်းအခမ်းအနားကို ယနေ့နံနက် ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ပြုလုပ်သည်။



### ရှင်းလင်းပြောကြား

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင် ဇော်မင်းက မိုးစပါးစိုက်တောင်သူ များအား ယခင်ကတစ်ဧကလျှောင် ကျပ်တစ်သိန်း ငါးသောင်းနှုန်း ထုတ်ချေးခဲ့ရာမှ ယခုအခါ နိုင်ငံ တော်၏မူဝါဒနှင့်အညီ တစ်ဧက လျှောင်ငွေကျပ်သုံးသိန်း ထုတ်ချေးပေး မည်ဖြစ်ကြောင်း ပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်စိမ်းစိမ်းဝါက ချေးငွေဆိုင်ရာ စည်းကမ်းချက် များကို တောင်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၅ မိုးချေးငွေ တစ်ရပ်လုံး ပြေကျေသည့် အုန်းနဲ့ကျောတန်းကျေးရွာအုပ်စုမှ တောင်သူ ၃၂ ဦး၏ လယ်ဧက ၂၂၅ ဧကအတွက် တစ်ဧကလျှောင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၆၇၅ သိန်းအား တောင်သူ များလက်ဝယ်အရောက် မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူ များက စနစ်တကျထုတ်ချေးပေး သည်။

ကြို့ပင်ကောက်မြို့နယ် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ အနေ ဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေများကို မိုးစပါး စိုက်ဧက ၃၅၀၀၀ အတွက် ငွေကျပ် သိန်း ၁၀၅၀၀၀ ကို အတိုးနှုန်း သက်သာစွာဖြင့် တောင်သူများ အား ဆက်လက်ထုတ်ချေးပေးရန် လျာထား ဆောင်ရွက်ထားရှိ ကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

## မြိတ်ခရိုင်တွင် စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ငါးသောင်းကျော် ထုတ်ချေးပေး

မြိတ် မေ ၁၂

၂၀၂၆ ခုနှစ်တွင် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မိုးစပါး စိုက်ပျိုးကြမည့် မြို့နယ်များရှိ တောင်သူ ၃၀၀၀ ကျော်အား မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် (မြိတ်ခရိုင်ဘဏ်ခွဲ)မှ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ငါးသောင်းကျော်ကို ထုတ်ချေးပေးသွားမည်ဖြစ်ကာ ယနေ့နံနက်ပိုင်းမှစတင်၍ မြိတ်ခရိုင်ဘဏ်ခွဲတွင် တောင်သူများအား စတင်ထုတ်ချေးပေးသည်။



မြိတ်ခရိုင်ဘဏ်ခွဲမှ မြိတ်၊ ကျွန်းစု၊ ဘုတ်ပြင်းမြို့နယ်တို့ရှိ ယခုနှစ် မိုးစပါးစိုက်တောင်သူ ၃၀၁၁ ဦးကို လယ်ဧက ၁၈၆၄၆ ဧကအတွက် ငွေကျပ်၅၅၉၃၈ သိန်း ထုတ်ချေးပေးရန်လျာထားပြီး တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများကို စတင်ထုတ်ချေးပေးလျက်ရှိသည်။ ထိုသို့ ထုတ်ချေးပေးရာတွင် တောင်သူတစ်ဦးလျှင် လယ်တစ်ဧကတွင် ကျပ်သုံးသိန်းနှုန်းထုတ်ချေးပေး၍ အများဆုံးလယ် ၁၀ ဧကအထိ အတိုးနှုန်းကို တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း သိရသည်။

နိုင်ထူး(ပြန်/ဆက်)



## သုံးခွမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ ကျင်းပ

သုံးခွ မေ ၁၂

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တွင် နိုင်ငံတော်အစိုးရအဖွဲ့၏ ရက်(၁၀၀)စီမံချက်ဖြင့် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်ကျော်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေး မန်နေဂျာ ဦးမျိုးသန့်နှင့် သမဝါယမဦးစီးဌာနမှူး ဒေါ်ကေသီမြလှိုင်တို့က တောင်သူများအား ချေးငွေများပေးအပ်သည်။

စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် အချိန်စေ့ကြွေးကျန် ပြေကျေစွာပေးဆပ်ပြီးသော မှိုကုန်းသာကျေးရွာ၊ အောင်သာဒါန်း ကျေးရွာ၊ ထွန်းစိန်ကျေးရွာအုပ်စုတို့မှ တောင်သူ ၁၀၃ ဦးအား တစ်ဧက ကျပ်သုံးသိန်းနှုန်းဖြင့် ၈၄၁ ဧကအတွက် ငွေကျပ် ၂၅၂၃ သိန်းအား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

စည်သူလင်း(ပြန်/ဆက်)

## သဲကုန်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးလျက်ရှိ

သဲကုန်း မေ ၁၂

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးရေးစရိတ်ချေးငွေများ ထုတ်ချေး ပေးခြင်းကို ယနေ့နံနက်ပိုင်းမှစတင်၍ ထုတ်ချေးပေးလျက်ရှိသည်။



သဲကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၂ ရက်မှ စတင်ထုတ်ချေး ပေးမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေနှင့် အချိန်စေ့ ကြွေးများအားလုံး ပြေကြေသူများကို ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ထိုသို့ထုတ်ချေးရာတွင် အုတ်ဆွဲကျေးရွာအုပ်စုနှင့် ဇလွဲကျေးရွာအုပ်စုတို့မှ ဒေသခံတောင်သူ ၂၅၆ ဦးအား မိုးစပါးတစ်ဧကလျှင် ငွေကျပ်သုံးသိန်း နှုန်း၊ အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် မိုးစပါးစိုက် ၁၄၆၁ ဧကအတွက် ငွေကျပ်သိန်း ၄၃၈၃၀၀၀၀ ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# မြေဆီလွှာ၏ ကျန်းမာရေးကို အလေးပေးဆောင်ရွက်

ဒေါက်တာပပဝင်း

(၁၁-၅-၂၀၂၆ ရက်နေ့မှအဆက်)

**မြေဆွေး**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် စိုက်ပျိုးရေး ဘေးထွက်စွန့်ပစ်ပစ္စည်းများ ပေါများသည့်နိုင်ငံ ဖြစ်ပါသည်။ စိုက်ပျိုးရေးဆိုင်ရာ စွန့်ပစ်ပစ္စည်းဆိုသည်မှာ ကောက်ရိုး၊ စပါးခွံ၊ ပြောင်းရိုး၊ နှမ်းရိုး၊ နေကြာရိုး၊ ပဲရိုး၊ ပဲမှော်၊ ဝါရိုး၊ အသီးအခွံ၊ ကြံကြိတ်ဖတ်စသည်တို့ဖြစ်ပါသည်။ ထို့အပြင် နေ့စဉ်မီးဖိုချောင်သုံး စွန့်ပစ်ပစ္စည်းများစွာရှိပြီး အဆိုပါစွန့်ပစ်ပစ္စည်းများသည် သဘာဝပတ်ဝန်းကျင်၊ လူနှင့် တိရစ္ဆာန်ကျန်းမာရေးအတွက် အဆိပ်အတောက်ဖြစ်စေပါသည်။ စိုက်ခင်းများနှင့် မီးဖိုချောင်မှထွက်ရှိလာသော ဘေးထွက်ပစ္စည်းများ တဖြည်းဖြည်းစုပုံလာပါက ပတ်ဝန်းကျင်ကို ညစ်ညမ်းစေမည်ဖြစ်ရာ ယင်းတို့ကို ကောင်းစွာစီမံခန့်ခွဲအသုံးပြုသင့်ပါသည်။ Circular Economy ဖြစ်သော စွန့်ပစ်ပစ္စည်းများကို အကျိုးရှိစွာ ပြန်လည်အသုံးပြုပြီး သန့်ရှင်းသော ပတ်ဝန်းကျင်၊ စားသုံးမှု လုံခြုံစိတ်ချရသော စိုက်ပျိုးရေးဆိုင်ရာ သံသရာလည်ပတ်မှုစနစ်ကို အကောင်အထည်ဖော် အသုံးချခြင်းနည်းပညာသည် အလွန်ပင်အရေးပါလှပါသည်။

သဘာဝမြေဆွေးပြုလုပ်သည့်ဖြစ်စဉ်သည် အကျိုးပြုအဏုဇီဝသက်ရှိများ၏ အကူအညီဖြင့် လေရှိ/ လေမဲ့ အခြေအနေများတွင် အကြွင်းအကျန်စွန့်ပစ်ပစ္စည်းများကို ဆွေးမြည့်စေပြီး အနက်ရောင် (အညိုရောင်) မြေသားအစိုင်အခဲငယ်များဖြစ်ပေါ်စေသည့် ဇီဝဓာတုဖြစ်စဉ်ဖြစ်ပါသည်။ မြေဆွေးဆွေးမြည့်မှုဖြစ်စဉ်ကို လွှမ်းမိုးထားသောအချက်များမှာ အပူချိန်(၁၀-၄၀°C ရှိရန်)၊ အစိုဓာတ်(၄၀-၆၀ ရာခိုင်နှုန်းရှိရန်)၊ ဆွေးမြည့်စေမည့်ပစ္စည်း၏အရွယ်အစား (အရွယ်အစားသေးငယ်ပါက လေဝင်လေထွက်မကောင်းသဖြင့် ဆွေးမြည့်မှုကြာမြင့်စေနိုင်ခြင်း၊ အရွယ်အစားကြီးမားလွန်းပါက မြေဆွေးဖြစ်ရန် အချိန်ကြာမြင့်နိုင်ခြင်း စသည်တို့ကြောင့် မသေးလွန်း၊ မကြီးလွန်းဘဲ အဏုဇီဝသက်ရှိများနှင့် ထိတွေ့နိုင်သော ပမာဏ၊ ဧရိယာအကျယ်အဝန်းများစေသည့် ဆွေးမြည့်မှုပိုမိုမြန်ဆန်သော အရွယ်အစားရှိရန်)၊ လေဝင်လေထွက် (လေဝင်လေထွက်မကောင်းလျှင် အနံ့ဆိုးထွက်သည့်အပြင် အဏုဇီဝသက်ရှိများရှင်သန်ရန် အောက်ဆီဂျင်လိုအပ်သောကြောင့် မြေဆွေးပုံကို အထက်အောက်လှန်ပေးခြင်း၊ လေဝင်လေထွက်ကောင်းစေရန် စီမံဆောင်ရွက်ခြင်းများပြုလုပ်ပေးရန်)နှင့် မြေဆွေးပုံအရွယ်အစားနှင့် အဏုဇီဝသက်ရှိများ ရှင်သန်နိုင်ခြင်းတို့ဖြစ်ပါသည်။

အရည်အသွေးကောင်းမြေဆွေးဟု သတ်မှတ်ရန်အတွက် မြေဆွေးသည် ကောင်းစွာဆွေးမြည့်၍ အဏုဇီဝသက်ရှိများပါဝင်ပြီး အညို၊ အညိုရင့်ရောင်ရှိခြင်း၊ ကာဗွန်နှင့် နိုက်ထရိုဂျင်အချိုး (C:N) (၃၀:၁)ရှိခြင်း၊ အစိုဓာတ် ၆၅-၇၀ ရာခိုင်နှုန်းရှိခြင်း၊ အနံ့ပြင်းမရှိခြင်း၊ စေးကပ်မနေခြင်း၊ ပိုးမွှားများ ပါဝင်မှုမရှိခြင်း စသည့်အရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်ပါသည်။ ပြုလုပ်လေ့ရှိသည့် မြေဆွေးအမျိုးအစားများမှာ Onsite Composting (တစ်ပိုင်တစ်နိုင်မြေဆွေး)၊ Vermicomposting (တီမြေဆွေး)၊ Aerated (Turned) Window Composting ၊ Aerated Static Pile/ Bin မြေဆွေး (လေပေးစနစ်မြေဆွေးပုံ)၊ In-Vessel Composting စသည်တို့ဖြစ်သည်။

စိုက်ပျိုးမြေတွင် မြေဆွေးများထည့်ခြင်းဖြင့် အပင်အတွက်လိုအပ်သော အာဟာရဓာတ်များကို တဖြည်းဖြည်းချင်း စားသုံးစေခြင်း၊ မြေအစိုဓာတ်ကို ကြာရှည်ထိန်းသိမ်းနိုင်ခြင်း၊ အကျိုးပြုအဏုဇီဝများရှင်သန်ပေါက်ပွားမှု ကောင်းမွန်ခြင်း၊ မြေအရည်အသွေးတိုးတက်၍ မြေဆီလွှာဖွဲ့စည်းပုံ ကောင်းမွန်စေခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်ခြင်း၊ ဓာတုမြေသြဇာကို လျှော့ချအသုံးပြုနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ပြီး ရေရှည်မြေဆီသြဇာထက်သန်ကောင်းမွန်စေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

**သီးထပ်စွမ်းအားနှင့် မြေဆီလွှာကျန်းမာရေး**

မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သော မြေဧရိယာ ၂၈ ဒသမ ၇ ဧကသန်းရှိသည့်အနက် ရေသွင်းစိုက်ပျိုးနိုင်သော ဧရိယာ ၃ ဒသမ ၀၁ ဧကသန်းခန့်ရှိပါသည် (MOALI., 2021)။ ရေရရှိနိုင်သော ဆည်ရေသောက်ဒေသများအတွက် စပါးအခြေခံသီးနှံစိုက်စွမ်းအားမြင့် အကျိုးအမြတ်အများဆုံးဖြစ်သည့် တစ်နှစ် သုံးသီး စိုက်ပျိုးနိုင်သော သီးထပ်သီးနှံပုံစံများကို စိုက်ပျိုးထုတ်လုပ်ရန်မှာ အရေးကြီးပါသည်။ မြေတစ်နေရာတည်းတွင် သီးနှံများအဆက်မပြတ်စိုက်ပျိုးခြင်း၊ ရာသီဥတုပြောင်းလဲခြင်း (ရေကြီး၊ မိုးခေါင်)နှင့် မြေယာအသုံးချမှုလွန်ကဲခြင်းတို့ကြောင့် မြေဆီသြဇာဓာတ် ဆုတ်ယုတ်လာခြင်းကိုကြုံတွေ့နေရပါသည်။ မြေဆီလွှာရေရှည်ထိန်းသိမ်းမှုနှင့် သီးနှံထုတ်လုပ်မှုအတွက် လုံလောက်သော သဘာဝမြေဆွေးနှင့် ဓာတုမြေသြဇာများကို တွဲဖက်၍ အာဟာရမျှခြေဖြစ်ရန် စနစ်တကျ ထည့်သွင်းပေးရမည်ဖြစ်ပါသည်။

**အရေးကြီးသီးနှံများ၏ အထွက်နှုန်းများအလိုက် မြေတစ်ဧကမှ နှစ်စဉ်ထုတ်ယူသွားသော အာဟာရဓာတ်ပမာဏ**

| စဉ် | သီးနှံ | ပုံမှန်ထွက် ပမာဏ | နိုက်ထရိုဂျင် | ဖော့စ်ဖာရပ် | ပိုတက်ဆီယမ် | ကန့် | မဂ္ဂနီဆီယမ် |
|---|---|---|---|---|---|---|---|
| ၁။ | စပါး | ၇၅ တင်း | ၅၆.၀ | ၃၀.၀ | ၈၄.၀ | ၆.၀ | ၇.၀ |
| ၂။ | ပြောင်းဖူး | ၄၅ တင်း | ၆၀.၀ | ၂၅.၀ | ၆၀.၀ | ၇.၅ | ၁၂.၅ |
| ၃၊ | ဝါ | ၂၀၀ပိဿာ | ၉၀.၀ | ၃၁.၅ | ၆၃.၀ | ၁၅.၀ | ၁၇.၅ |
| ၄။ | ပဲပုပ် | ၂၀ တင်း | ၁၁၂.၀ | ၂၁.၆ | ၄၈.၀ | ၈.၀ | ၉.၀ |
| ၅။ | မြေပဲ | ၄၀ တင်း | ၆၀.၀ | ၁၀.၀ | ၄၆.၃ | ၅.၃ | ၆.၃ |
| ၆။ | ကြံ | ၅၀ တန် | ၁၈၀.၀ | ၇၈.၀ | ၃၀၅.၀ | ၄၃.၀ | ၅၀.၀ |

**ရင်းမြစ်** ။ (၅၇) ကြိမ်မြောက်တောင်သူနည်းပညာဆွေးနွေးပွဲ။

စိုက်ပျိုးမြေများတွင် သဘာဝမြေဆွေး၊ သီးနှံပင်အကြွင်းအကျန်နှင့် သစ်စိမ်းမြေသြဇာ စိုက်ပျိုးမြေမြှုပ်ထည့်သွင်းခြင်း၏ အကျိုးကျေးဇူးများမှာ-

- ✓ မြေဆီလွှာအတွင်း သစ်ဆွေးဓာတ်ပါဝင်မှု ပမာဏအား တိုးတက်စေခြင်း၊
- ✓ လေထုထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူပေးပြီး အပင်အာဟာရဓာတ်များ ထုတ်လုပ်ပေးခြင်း၊
- ✓ မြေဆီလွှာအတွင်းရှိအပင်အာဟာရဓာတ်များအား မြေအောက်သို့ စိမ့်ဝင်ဆုံးရှုံးခြင်းမှ ကာကွယ်ပေးခြင်း၊
- ✓ မြေဆီလွှာတိုက်စားမှုကို လျော့ကျစေပြီး မြစ်ဖုနီမတုတ်ဦးရေကိုလည်း လျော့နည်းစေခြင်း (ပိုက်ဆံလျှော်၊ သစ်စိမ်း)၊
- ✓ မြေ၊ ရေ၊ လေ တိုက်စားခြင်းအား ကာကွယ်ပေးခြင်းနှင့်
- ✓ ခြောက်သွေ့ဒဏ်အသင့်အတင့်ခံနိုင်၍ မြေဆီအရည်အသွေးကို တိုးတက်စေခြင်း အစရှိသည်တို့ဖြစ်ပါသည်။


**အပင်အာဟာရဓာတ်များ**

အပင်အာဟာရဓာတ်ဆိုသည်မှာ အပင်များ ရောဂါပိုးမွှားဒဏ်ခံနိုင်ပြီး ကောင်းစွာကြီးထွားဖွံ့ဖြိုး မျိုးဆက်ပွားရန်အတွက် လိုအပ်သော ဓာတုဒြပ်စင်များ (သတ္တုဓာတ်များ) ကိုခေါ်ဆိုပါသည်။ အပင်များသည် ယင်းတို့၏ဇီဝဖြစ်စဉ် (ဥပမာ - အလင်းရောင်အသုံးပြုမှု၊ ပရိုတင်းဓာတ်ဖွဲ့စည်းမှု) အတွက် မရှိမဖြစ်လိုအပ်သော ဒြပ်စင်များကို အပင်အာဟာရဓာတ်များအဖြစ် (ရေနှင့်အတူ မြေကြီးမှ စုပ်ယူခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ကို လေထုမှစုပ်ယူခြင်း) စုပ်ယူကြသည်။ အပင်အတွက် မရှိမဖြစ်လိုအပ်သည့် မြေကြီးအတွင်းရှိ ဓာတုဒြပ်စင်(သတ္တုဓာတ်) ၁၅ မျိုးရှိပါသည်။

ယင်းတို့အနက် အဓိကလိုအပ်သည့် ဓာတုဒြပ်စင်သုံးမျိုးမှာ အပင်၏ အစာချက်လုပ်ခြင်း လုပ်ငန်းစဉ်များနှင့် အသားဓာတ်၊ ဟော်မုန်းနှင့် ဗီတာမင်များဖြစ်ပေါ်မှုတို့အတွက် နိုက်ထရိုဂျင်(ပုလဲ)၊ ပင်စည်၊ အမြစ်ကြီးထွားရန်နှင့် အပွင့်၊ အသီး၊ အစေ့အဆန်ဖြစ်ထွန်းရန်တို့ကို လုပ်ဆောင်ပေးသည့် ဖော့စ်ဖာရပ် (တီစူပါ)၊ အပင်အတွင်း အစာအာဟာရများပို့ဆောင်ခြင်း၊ အင်ဇိုင်းများ၏လုပ်ငန်းများအား လှုံ့ဆော်ပေးခြင်း၊ အပင်အရွက် လေရှူပေါက်အဖွင့်အပိတ်ကို ထိန်းချုပ်ပေးခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက် ရယူခြင်း၊ ရေဓာတ်ဆုံးရှုံးမှုကိုကာကွယ်ခြင်း၊ ပိုးမွှား၊ ရောဂါကျရောက်မှုနှင့် ရေဝပ်/ ရေမြုပ် ခြောက်သွေ့ဒဏ်ခံနိုင်ရည်ရှိရန် လုပ်ဆောင်ပေးခြင်း အစရှိသည့် လုပ်ငန်းစဉ်များကို လုပ်ဆောင်ပေးသော ပိုတက်ဆီယမ် (ပိုတက်ရှ်) တို့ဖြစ်ပါသည်။

ဒုတိယလိုအပ်သည့်သုံးမျိုးမှာ နိုက်ထရိုဂျင်ကိုအကျိုးရှိစွာ အသုံးပြုနိုင်၍ ကာဗိုဟိုက်ဒရိတ်စုဆောင်းမှု မြင့်တက်စေသောကြောင့် သီးနှံအလေးချိန်တိုးစေရန် လုပ်ဆောင်ပေးသည့် ဆာလ်ဖာ၊ မြေချဉ်/ငန်မှုကို ထိန်းသိမ်းပေးခြင်း၊ ဆဲလ်ကွဲပွားမှုကို ထိန်းသိမ်းပေးခြင်း၊ ဆဲလ်အမြေးပါးများ ပြီးပြည့်စုံအောင် ဖြစ်ပေါ်စေခြင်း၊ ဆဲလ်နံရံများ၏ အဓိကအစိတ်အပိုင်းများကို အထောက်အကူပြုပေးခြင်း အစရှိသည်တို့ကို လုပ်ဆောင်ပေးသည့် ကယ်လ်ဆီယမ်၊ အစာချက်လုပ်သည့် လုပ်ငန်းစဉ်တွင် အောက်ဆီဂျင်ထုတ်လုပ်မှုအတွက် အရေးပါခြင်း၊ အပင်အသက်ရှူခြင်း၊ နိုက်ထရိုတ်လျှော့ချခြင်းနှင့် ကလိုရိုဖီးလ်ဖြစ်ထွန်းမှုအတွက် အရေးကြီးခြင်း၊ ဖော့စဖိတ်ပြောင်းလဲရန်အတွက် ပါဝင်သည့် အချို့အင်ဇိုင်းများဖြစ်ပေါ်ရန် လုပ်ဆောင်ပေးခြင်း အစရှိသော လုပ်ငန်းစဉ်များ လုပ်ဆောင်ပေးသည့် မဂ္ဂနီဆီယမ်နှင့် အနည်းလိုကိုးမျိုးဖြစ်သည့် သွပ်၊ သံ၊ မဂ္ဂနိစ်၊ မော်လီဘီဒီနမ်၊ ကော့ပါး၊ ဘိုရွန်၊ ကလိုရင်း၊ စီလီကွန်၊ နီကယ်တို့ဖြစ်ပါသည်။

အဆိုပါ အာဟာရဓာတ်တစ်ခုချင်းစီသည် အပင်အတွက် သီးသန့်လုပ်ဆောင်ချက်များရှိသောကြောင့် မည်သည့်အာဟာရဒြပ်စင်မဆို ချို့တဲ့ပါက အပင်ကြီးထွားမှုနှောင့်နှေးခြင်း၊ အရွက်အရောင်ပြောင်းခြင်း၊ ရောဂါဒဏ်ခံနိုင်ရည်ကျဆင်းခြင်း စသည့်လက္ခဏာများ ဖြစ်ပေါ်မည်ဖြစ်ပါသည်။ မြေဆီလွှာအပေါ်တွင် သီးနှံစိုက်ပျိုးရာ၌ မိမိစိုက်ပျိုးထားသော သီးနှံပင်များသည် အာဟာရဓာတ် စုံညီမျှတစွာ မရရှိပါက မိမိမျှော်မှန်းထားသောအထွက်နှုန်းကို မရရှိနိုင်ပေ။ ထို့ကြောင့် လိုအပ်သည့် အာဟာရဓာတ်အမျိုးအစားနှင့် အချိုးအစားကို မှန်ကန်စွာ ဖြည့်တင်းပေးရမည်ဖြစ်သည်။




**ဘက်စုံအာဟာရစီမံခန့်ခွဲခြင်း**

ဘက်စုံအာဟာရစီမံခန့်ခွဲခြင်းဆိုသည်မှာ အပင်၏အာဟာရစုပ်ယူနိုင်စွမ်းမြှင့်တင်ရန်နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချရန်အတွက် ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာနှင့် ဇီဝမြေသြဇာများကို အချိုးညီအချိန်ကိုက် စီမံခန့်ခွဲပေါင်းစပ်အသုံးပြုသည့် အာဟာရစီမံခန့်ခွဲမှု နည်းစနစ်တစ်ခုဖြစ်သည်။

ကမ္ဘာ့လူဦးရေတိုးတက်လာသည်နှင့်အမျှ အစားအစာ လိုအပ်ချက်မြင့်မားလာခြင်းကြောင့် သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်ရန် လိုအပ်လာပါသည်။ ထိုသို့ထုတ်လုပ်ရာတွင် ဂေဟစနစ်နှင့် လိုက်လျောညီထွေဖြစ်သည့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကိုသာ အားပေးဆောင်ရွက်သွားရပါမည်။ ရေရှည်တည်တံ့သည့် စိုက်ပျိုးထုတ်လုပ်မှုစနစ်တွင် ဘက်စုံအာဟာရစီမံခန့်ခွဲမှုသည် အလွန်အရေးကြီးပါသည်။ လေ့လာတွေ့ရှိချက်များအရ ဘက်စုံအာဟာရစီမံခန့်ခွဲမှုစနစ်လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် ကမ္ဘာတစ်ဝန်းတွင် သီးနှံထုတ်လုပ်မှု ရှစ်ရာခိုင်နှုန်းမှ ၁၅၀ ရာခိုင်နှုန်းထိ တိုးတက်လာသကဲ့သို့ တစ်ဖက်တွင်လည်း မြေဆီလွှာကျန်းမာကြံ့ခိုင်လာပြီး သီးနှံ၊ အစေ့အဆန်များ အရည်အသွေးမြင့်မားလာကာ တောင်သူလယ်သမားတို့၏ ဝင်ငွေသည်လည်း မြင့်မားလာကြောင်း လေ့လာသိရှိရပါသည်။

> **စိုက်ပျိုးမြေတွင် မြေဆွေးများထည့်ခြင်းဖြင့် အပင်အတွက်လိုအပ်သော အာဟာရဓာတ်များကို တဖြည်းဖြည်းချင်း စားသုံးစေခြင်း၊ မြေအစိုဓာတ်ကို ကြာရှည်ထိန်းသိမ်းနိုင်ခြင်း၊ အကျိုးပြုအဏုဇီဝများ ရှင်သန်ပေါက်ပွားမှု ကောင်းမွန်ခြင်း၊ မြေအရည်အသွေးတိုးတက်၍ မြေဆီလွှာဖွဲ့စည်းပုံ ကောင်းမွန်စေခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်ခြင်း၊ ဓာတုမြေသြဇာကို လျှော့ချအသုံးပြုနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ပြီး ရေရှည်မြေဆီသြဇာ ထက်သန်ကောင်းမွန်စေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်**

စာမျက်နှာ ၁၁ သို့ ☆

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကျောက်ဖြူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**စစ်တွေ မေ ၁၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေတို့သည် မေ ၉ ရက်နံနက်ပိုင်းတွင် ကျောက်ဖြူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ဦးစွာ ကျောက်ဖြူမြို့နယ် မဒေးကျွန်းရှိ ကျောက်တန်း(၁) ကုန်းကျောတမံ၊ ကျောက်တန်း (၂) ရေလှောင်တမံတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောက်ဖြူမြို့နယ် အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း (SEZ) စီမံကိန်းအတွက် ရေကိုသိုလှောင်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ဆည်တည်ဆောက်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ကျောက်တန်းကျေးရွာအတွင်း ကျေးရွာသူ ကျေးရွာသားများ သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရန်၊ စနစ်တကျသယ်ယူသုံးစွဲနိုင်ရန် ကျေးရွာအတွင်းရှိ ရေကန်အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ အောက်မဒေးကျွန်း အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း၊ မဒေးကျွန်းရှိ အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကာ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းရုံး အစည်းအဝေးခန်းမ၌ စီမံကိန်းမှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသတွင်း လူမှုစီးပွားအကျိုးပြုလုပ်ငန်း ဆောင်ရွက်ပေးနေမှု အခြေအနေ၊ စီမံကိန်းဧရိယာ လုံခြုံရေးအစီအမံ ဆောင်ရွက်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# လပွတ္တာမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ရှာဖွေကယ်ဆယ်ရေးတပ်စုများ ဖွဲ့စည်းထားရှိ



**လပွတ္တာ မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် လပွတ္တာမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိမ်းကိုကို ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် ရှာဖွေကယ်ဆယ်ရေးတပ်စုများ၊ သန္နေတပ်ဖွဲ့ဝင်များနှင့် အရန်တပ်ဖွဲ့ဝင်များအား ဖွဲ့စည်းထားရှိသည်။

သန္နေမီးသတ်တပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၃၅ ဦးဖြင့် စနစ်တကျ ဖွဲ့စည်းထားခြင်းဖြစ်ပြီး ရေဘေး၊ လေဘေး၊ မီးဘေးနှင့် အခြားသဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လျင်မြန်စွာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

☆ စာမျက်နှာ ၁၀ မှ

သီးနှံများစိုက်ပျိုးထုတ်လုပ်မှုတွင် မြေဆီလွှာ၏ အာဟာရဓာတ်အခြေအနေကို သိရှိထားရန် လိုအပ်ပါသည်။ သို့မှသာ မိမိမျှော်မှန်းထားသော ပန်းတိုင်အထွက်ကို ရရှိနိုင်မည်ဖြစ်သည်။ သဘာဝမြေဩဇာများ ထည့်သွင်းအသုံးပြုမှုနည်းပါးခြင်း၊ ဓာတ်မြေဩဇာ လုံလောက်စွာမထည့်သွင်းဘဲ စိုက်ပျိုးခြင်းများပြုလုပ်မည်ဆိုပါက သီးနှံပင်များမှ မြေဆီလွှာအတွင်းရှိ နဂိုရှိရင်းစွဲ အာဟာရဓာတ်များကိုသာ ထုတ်ယူသုံးစွဲရခြင်းကြောင့် မြေတွင် အာဟာရဓာတ်ကုန်ခန်းပြီး မြေမောလာမည်ဖြစ်ရာ အကျိုးဆက်အနေဖြင့် သီးနှံပင်များ အထွက်နှုန်းကျဆင်းလာခြင်း၊ မြေဆီလွှာပျက်စီးခြင်းများဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးမြေ၏ အာဟာရညီမျှခြေကို သိရှိရန်မှာ အလွန်အရေးကြီးပါသည်။

**အာဟာရညီမျှခြေ = အရတန်ဖိုး - သုံးစွဲတန်ဖိုး**

အာဟာရညီမျှခြေရရှိရန်အတွက် -

- ➢ အရတန်ဖိုးဖြစ်သည့် ထည့်သွင်းသော အာဟာရအရင်းအမြစ် (ဥပမာ- ဓာတုနှင့် သဘာဝအရင်းအမြစ်များ)နှင့် သုံးစွဲတန်ဖိုးဖြစ်သည့် ရိတ်သိမ်းသီးနှံအစိတ်အပိုင်းနှင့် သီးနှံအကြွင်းအကျန်တို့ တူညီရန်လိုအပ်ပါသည်။
- ➢ အရတန်ဖိုးဖြစ်သည့် လေထုမှတစ်ဆင့် စုဆောင်းရရှိမှု (မိုးရွာသွန်းခြင်း) နှင့် သုံးစွဲတန်ဖိုးဖြစ်သည့် မြေကြီးထဲသို့ စိမ့်ဝင်ပျောက်ဆုံးသည့်ပမာဏ တူညီရန်လိုအပ်ပါသည်။
- ➢ အရတန်ဖိုးဖြစ်သည့် ရေသွင်းခြင်း၊ ရေလွှမ်းခြင်း၊ အနည်ကျခြင်း (အာဟာရပျော်ရည်နှင့် ဖျော်ရည်) နှင့် သုံးစွဲတန်ဖိုးဖြစ်သည့် အငွေ့အဖြစ်ပျောက်ဆုံးသည့် ပမာဏတူညီရန် လိုအပ်ပါသည်။

**❛ သီးနှံပင်များစိုက်ပျိုးရာတွင် မြေချဉ်/ ငန်ကိန်းသည်လည်း အလွန်အရေးကြီးပါသည်။ အပင်အတွက်သင့်တော်သည့် မြေချဉ်/ ငန် ကိန်းအတွင်း မရရှိဘဲ စိုက်ပျိုးပါက မိမိတို့ထည့်သွင်းအသုံးပြုသည့် အာဟာရဓာတ်များသည် အပင်အတွက် ကောင်းစွာအသုံးမပြုနိုင်ဘဲ ဆုံးရှုံးသွားမည်ဖြစ်ပါသည်။ မြေဆီလွှာအား ဓာတ်ခွဲစစ်ဆေးကြည့်ပြီးနောက် ချဉ်သောမြေဖြစ်ပါက ထုံးထည့်ခြင်းအား မြေအမျိုးအစားကိုလိုက်၍ လုပ်ဆောင် ❜**

- ➢ အရတန်ဖိုးဖြစ်သည့် သက်ရှိများမှတစ်ဆင့် နိုက်ထရိုဂျင်ဖမ်းယူရရှိမှုနှင့် သုံးစွဲတန်ဖိုးဖြစ်သည့် မြေ၊ ရေ၊ လေ တိုက်စားမှုတို့ ပမာဏတူညီရန်လိုအပ်ပါသည်။

ဘက်စုံအာဟာရစီမံခန့်ခွဲမှုစနစ် ကျင့်သုံးရာတွင် မြေဆီဓာတ်ခွဲစစ်ဆေးမှုအခြေခံ၍ မြေဆီအာဟာရစီမံခန့်ခွဲခြင်းကို ဆောင်ရွက်သင့်ပါသည်။ မြေဆီဓာတ်ခွဲစစ်ဆေးခြင်းဖြင့် မြေအမျိုးအစား၊ သစ်ဆွေးဓာတ်၊ မြေချဉ်/ငန်ဓာတ်၊ အပင်မှစားသုံးနိုင်သော အာဟာရဓာတ်ပါဝင်မှုတို့ကို တိုင်းတာသိရှိနိုင်သောကြောင့် စစ်ဆေးတွေ့ရှိသည့် ရလဒ်အပေါ်အခြေခံ၍ မြေဆီအာဟာရဓာတ်ဆိုင်ရာ စီမံခန့်ခွဲမှုပြုလုပ်ပါက ပိုမိုအကျိုးထိရောက်မှုရှိမည်ဖြစ်ပါသည်။

**အရေးကြီးသီးနှံများအတွက် သင့်တော်သည့် မြေချဉ်/ငန်ကိန်း(pH)**

| စဉ် | သီးနှံအမည် | ကြိုက်နှစ်သက်သော pH | စိုက်နိုင်သော pH |
|---|---|---|---|
| ၁။ | စပါး | ၅.၅-၇.၅ | ၄.၅-၈.၂ |
| ၂။ | မြေပဲ | ၆.၀-၇.၅ | ၅.၄-၈.၂ |
| ၃။ | ပြောင်း | ၅.၈-၇.၈ | ၅.၂-၈.၅ |
| ၄။ | နေကြာ | ၆.၀-၆.၈ | ၅.၅-၇.၅ |
| ၅။ | ဝါ | ၆.၀-၆.၅ | ၅.၅-၇.၅ |
| ၆။ | ပဲတီစိမ်း | ၆.၀-၇.၅ | ၅.၅-၇.၀ |
| ၇။ | ငရုတ် | ၆.၀-၇.၅ | ၅.၂-၈.၂ |
| ၈။ | ခရမ်းချဉ် | ၆.၀-၇.၅ | ၅.၂-၈.၂ |

သီးနှံပင်များစိုက်ပျိုးရာတွင် မြေချဉ်/ ငန်ကိန်းသည်လည်း အလွန်အရေးကြီးပါသည်။ အပင်အတွက်သင့်တော်သည့် မြေချဉ်/ ငန်ကိန်းအတွင်းမရရှိဘဲ စိုက်ပျိုးပါက မိမိတို့ထည့်သွင်းအသုံးပြုသည့် အာဟာရဓာတ်များသည် အပင်အတွက် ကောင်းစွာအသုံးမပြုနိုင်ဘဲ ဆုံးရှုံးသွားမည်ဖြစ်ပါသည်။ မြေဆီလွှာအား ဓာတ်ခွဲစစ်ဆေးကြည့်ပြီးနောက် ချဉ်သောမြေဖြစ်ပါက ထုံးထည့်ခြင်းအား မြေအမျိုးအစားကိုလိုက်၍ လုပ်ဆောင်ပေးရပါမည်။


အချဉ်ဓာတ်ပြုပြင်ရန်အတွက် သဲဆန်သည့်မြေတွင် တစ်ဧကလျှင် ထုံး ပိဿာ ၃၀၀၊ နုန်းမြေတွင် ပိဿာ ၅၀၀ နှင့် ရွှံ့စေးမြေတွင် ပိဿာ ၆၅၀ နှုန်း နှင့် အငန်ဓာတ်ပြုပြင်ရန်အတွက် သဲဆန်သည့်မြေတွင် တစ်ဧက ကန့် ပိဿာ ၆၀၊ နုန်းမြေတွင် ပိဿာ ၁၅၀ နှင့် ရွှံ့စေးမြေတွင် ပိဿာ ၃၀၀ နှုန်း ထည့်သွင်းအသုံးပြုပေးရမည် ဖြစ်ပါသည်။ မည်သည့်အာဟာရဓာတ်ကိုမဆို ထည့်သွင်းအသုံးပြုပါက ရေအစိုဓာတ်လုံလောက်စွာ ရှိရမည်ဖြစ်သည်။ သို့မှသာ အပင်မှ အာဟာရဓာတ်များကို ပြောင်းလဲစုပ်ယူနိုင်မည်ဖြစ်ပြီး မြေ၏ရူပဂုဏ်သတ္တိကောင်း၍ ရေအစိုဓာတ်ကို ထိန်းနိုင်မည်ဖြစ်ပါသည်။

မြေဩဇာများထည့်သွင်းအသုံးပြုရာတွင် အကျိုးရှိစွာ အသုံးပြုနိုင်ရန်နှင့် ရင်းနှီးလိုက်သည့်အတိုင်း အကျိုးအမြတ်များရရှိနိုင်ရန်တို့အတွက် မှန်လေးမှန် **(4Rsနည်းစနစ်)** စနစ်ကို ကျင့်သုံးရမည်ဖြစ်သည်။ ၎င်းတို့မှာ - ၁။ Right Source - မှန်ကန်သောအမျိုးအစား၊ ၂။ Right Rate - မှန်ကန်သောနှုန်းထား၊ ၃။ Right Time - မှန်ကန်သောအချိန်နှင့် ၄။ Right Place - မှန်ကန်သောနေရာတို့ဖြစ်သည်။

ပညာရှင်များကလည်း မြေဩဇာအကျိုးရှိစွာထည့်သွင်းနိုင်ရန်အတွက် နည်းပညာများကို အမြဲမပြတ်လေ့လာလျက်ရှိပါသည်။ ဥပမာ- စပါးပင်တွင် နိုက်ထရိုဂျင်ဓာတ်လိုအပ်မှု ရှိ၊ မရှိ အခြေအနေကို အရွက်အားမဖျက်ဆီးဘဲ တိုင်းတာသောနည်းလမ်းဖြစ်သည့် အရွက်အရောင်တိုင်းကတ် (Leaf Color Chart- LCC) နှင့် ကလိုရိုဖီးလ်မီတာ (SPAD-502) တို့သည် အရွက်တွင်ပါဝင်သော နိုက်ထရိုဂျင်အခြေအနေကို တိုင်းတာရန်အတွက် အသုံးပြုသည့်ကိရိယာများဖြစ်ပါသည်။

အရွက်အရောင်တိုင်းကတ် (LCC) ဆိုသည်မှာ ပလတ်စတစ်ဖြင့်ပြုလုပ်ထားသော လက်ကိုင်အရွယ်အစားရှိကတ်ပြားတစ်ခုဖြစ်ပြီး ၎င်းပေါ်တွင် အစိမ်းရောင်အနုအရင့်အဆင့်ဆင့် (အဆင့်လေးဆင့်သို့မဟုတ် ခြောက်ဆင့်)ပြုလုပ်ထားပါသည်။ အရွက်အရောင်တိုင်းကတ်ကို ၁၉၈၇ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ စတင်တီထွင်ခဲ့ပါသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနအဖွဲ့ (International Rice Research Institute - IRRI) သည် ဂျပန်နိုင်ငံ၏ မူလဒီဇိုင်းကိုအခြေခံပြီး ဒေသအသီးသီးရှိ လယ်သမားများ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ပိုမိုရိုးရှင်းပြီး သုံးရလွယ်ကူသော အရွက်အရောင်တိုင်းကတ်ကို ထပ်မံတီထွင်ခဲ့ပါသည်။

အရွက်အရောင်တိုင်းကတ် အသုံးပြုခြင်းဖြင့် စပါးပင်၏ နိုက်ထရိုဂျင် (ပုလဲ) လိုအပ်ချက်ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခြင်းကြောင့် ကုန်ကျစရိတ် ၂၀ - ၃၀ ရာခိုင်နှုန်းသက်သာစေပြီး အထွက်နှုန်း ငါးရာခိုင်နှုန်း -၁၀ ရာခိုင်နှုန်း တိုးစေပါသည်။ အရွက်အရောင်တိုင်းကတ် (LCC) ပါ အညွှန်းကိန်း(၄)၏ အောက်ရောက်ပါက ယူရီးယား (ပုလဲ) တစ်ဧကလျှင် ကီလိုဂရမ် ၂၀ ခန့် ထည့်သွင်းပေးရပါမည်။




**မြေဆီလွှာ၏ကျန်းမာရေးကို အလေးပေး**

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသူများအနေဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် သဘာဝသွင်းအားစုများ(ဇီဝမြေဩဇာများ) နှင့် ဓာတုသွင်းအားစုများ (စိုက်ပျိုးရေးသုံးဓာတုပစ္စည်းများ၊ ဓာတ်မြေဩဇာများ) ကို အချိုးမျှတစွာ သုံးစွဲပေးခြင်းဖြင့် သီးနှံပင်အတွက် လိုအပ်သောအာဟာရဓာတ်များ ဖြည့်တင်းပေးနိုင်သည်သာမက မိမိစိုက်ပျိုးထုတ်လုပ်နေသည့် မြေဆီလွှာ၏လိုအပ်ချက်ကိုပါ ပြန်လည်ဖြည့်တင်းပေးရာရောက်စေနိုင်မည်ဖြစ်ပါသည်။ ထိုသို့ မိမိစိုက်ပျိုးထုတ်လုပ်နေသည့် မြေဆီလွှာ၏ကျန်းမာရေးကို အလေးပေးဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုကောင်းမွန်စေနိုင်ပြီး ရေရှည်တည်တံ့သည့်စိုက်ပျိုးရေးကို ဦးတည်သွားနိုင်မည်ဖြစ်ပါသည်။ ။

# ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၃)အဆန် / အမှတ်(၄)အစုန်လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားနှင့် သာစည်-နေပြည်တော်-သာစည်၊ နေပြည်တော်-တောင်ငူ-နေပြည်တော်နှင့် တောင်ငူ-ပဲခူး-တောင်ငူ ခရီးစဉ်အဖြစ် RBE ခရီးတိုရထားများ စတင်ပြေးဆွဲမည်

**နေပြည်တော် မေ ၁၂**

နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားအား ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ စတင်ပြေးဆွဲပေးခဲ့ပြီး ခရီးသည်များကြိုက်နှစ်သက်၍ စီးနင်းမှုများသောကြောင့် အမှတ်(၃) အဆန်/အမှတ်(၄)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား မေ ၁၅ ရက်မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၃)အဆန် | ရန်ကုန် | မန္တလေး | ၀၆:၀၀ | ၁၆:၀၀ | (၁၀)နာရီ |
| ၂ | အမှတ်(၄)အစုန် | မန္တလေး | ရန်ကုန် | ၀၆:၀၀ | ၁၆:၁၀ | (၁၀)နာရီ(၁၀)မိနစ် |

ထို့အတူ ရန်ကုန်နှင့် မန္တလေး ခရီးစဘူတာတို့မှ နံနက် ၆ နာရီအချိန် ထွက်ခွာပြေးဆွဲနေသည့် အမှတ်(၅) အဆန်/အမှတ်(၆)အစုန် လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားအား ခရီးစဘူတာများမှ နံနက် ၇ နာရီတွင် အောက်ပါအချိန်ဇယားအတိုင်း ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၅)အဆန် | ရန်ကုန် | မန္တလေး | ၀၇:၀၀ | ၁၇:၀၀ | (၁၀)နာရီ |
| ၂ | အမှတ်(၆)အစုန် | မန္တလေး | ရန်ကုန် | ၀၇:၀၀ | ၁၇:၁၀ | (၁၀)နာရီ(၁၀)မိနစ် |

ထို့ပြင် ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်း သာစည်-နေပြည်တော်-သာစည် ခရီးစဉ်အဖြစ် အမှတ်(သ-၄၀၁)အဆန်/(သ-၄၀၂)အစုန် RBE ခရီးတိုရထား၊ နေပြည်တော်-တောင်ငူ-နေပြည်တော် ခရီးစဉ်အဖြစ် အမှတ်(သ-၅၀၁)အဆန်/(သ-၅၀၂)အစုန် RBEခရီးတိုရထားနှင့် တောင်ငူ-ပဲခူး-တောင်ငူ ခရီးစဉ်အဖြစ် အမှတ်(သ-၆၀၁)အဆန်/(သ-၆၀၂)အစုန် RBE ခရီးတိုရထားများအား မေ ၁၅ ရက်မှစတင်၍ အောက်ပါ အချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | သ-၄၀၂ အစုန် | သာစည် | နေပြည်တော် | ၀၆:၀၀ | ၀၈:၅၀ | (၂)နာရီ(၅၀)မိနစ် |
| ၂ | သ-၄၀၁ အဆန် | နေပြည်တော် | သာစည် | ၁၄:၀၀ | ၁၆:၅၀ | ။ |
| ၃ | သ-၅၀၂ အစုန် | နေပြည်တော် | တောင်ငူ | ၀၆:၀၀ | ၀၈:၂၅ | (၂)နာရီ(၂၅)မိနစ် |
| ၄ | သ-၅၀၁ အဆန် | တောင်ငူ | နေပြည်တော် | ၁၄:၀၀ | ၁၆:၂၅ | ။ |
| ၅ | သ-၆၀၂ အစုန် | တောင်ငူ | ပဲခူး | ၀၆:၀၀ | ၁၀:၁၅ | (၄)နာရီ(၁၅)မိနစ် |
| ၆ | သ-၆၀၁ အဆန် | ပဲခူး | တောင်ငူ | ၁၄:၁၅ | ၁၈:၃၀ | ။ |

အထက်ပါ တိုးချဲ့ပြေးဆွဲမည့် RBE ခရီးတိုရထားများ၏ နေပြည်တော်-သာစည်၊ သာစည်-နေပြည်တော် နှင့် နေပြည်တော်-တောင်ငူ၊ တောင်ငူ-နေပြည်တော်တို့အတွက် လက်မှတ်ခနှုန်းထားများမှာ ခရီးစဉ် အစ အဆုံးငွေကျပ်(၅၀၀၀)၊ ခရီးစဉ်တစ်ဝက်ငွေကျပ်(၂၅၀၀)ဖြစ်ကြောင်းနှင့် တောင်ငူ-ပဲခူး၊ ပဲခူး-တောင်ငူ အတွက် လက်မှတ်ခနှုန်းထားမှာ ခရီးစဉ်အစအဆုံးငွေကျပ် (၈၀၀၀) ခရီးစဉ်တစ်ဝက် ငွေကျပ်(၄၀၀၀)ဖြစ်ပြီး လမ်းခရီး၌ဘူတာစဉ်ရပ်တန့်ပေးမည်ဖြစ်သည်။

တိုးချဲ့ပြေးဆွဲမည့် ရထားများ၏ အချိန်စာရင်းအရ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ အမှတ်(၁၁)အဆန်/အမှတ်(၁၂) အစုန်ရထား၊ အမှတ်(၁)အဆန်/အမှတ်(၂)အစုန်ရထားနှင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းအတွင်းရှိ အမှတ်(၈၁)အဆန်/(၈၂)အစုန် ရထားများ၏ အချိန်စာရင်းအား မေ ၁၅ ရက်မှစ၍ အောက်ပါအချိန်ဇယားအတိုင်း ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်ပြီး လက်ရှိ AAR (ရိုးရိုး)တွဲဆိုင်းဖြင့် ပြေးဆွဲနေသော အမှတ်(၁၁)အဆန်/အမှတ်(၁၂)အစုန်ရထားအား လေအေးပေးစက် ပါ အထက်တန်းလူစီးတွဲ (၂)တွဲပါရှိသော လေအိတ်ရထားတွဲဆိုင်းဖြင့် မေ ၁၅ ရက်မှစတင်၍ ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၁၁)အဆန် | ရန်ကုန် | မန္တလေး | ၀၅:၀၀ | ၁၈:၅၀ | (၁၃)နာရီ(၅၀)မိနစ် |
| ၂ | အမှတ်(၁၂)အစုန် | မန္တလေး | ရန်ကုန် | ၀၅:၀၀ | ၁၉:၃၅ | (၁၄)နာရီ(၃၅)မိနစ် |
| ၃ | အမှတ်(၁)အဆန် | ရန်ကုန် | မန္တလေး | ၀၈:၃၀ | ၀၆:၀၀ | (၂၁)နာရီ(၃၀)မိနစ် |
| ၄ | အမှတ်(၂)အစုန် | မန္တလေး | ရန်ကုန် | ၁၈:၀၀ | ၁၅:၂၀ | (၂၁)နာရီ(၂၀)မိနစ် |
| ၅ | အမှတ်(၈၁)အဆန် | ရန်ကုန် | မော်လမြိုင် | ၀၈:၀၀ | ၁၆:၃၅ | (၈)နာရီ(၃၅)မိနစ် |
| ၆ | အမှတ်(၈၂)အစုန် | မော်လမြိုင် | ရန်ကုန် | ၀၈:၃၀ | ၁၇:၀၀ | (၈)နာရီ(၃၀)မိနစ် |

ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင်ပြေးဆွဲမည့် လေအေးပေးစက်ပါ DEMU လူစီး အမြန်ရထားများ ဖြစ်သော အမှတ်(၃)အဆန်/ အမှတ်(၄)အစုန်နှင့် အမှတ်(၅)အဆန်/အမှတ်(၆) အစုန်ရထားများ၏ ထိုင်ခုံ လက်မှတ်များအား Online Railways Ticketing and Payment (ORTP) စနစ်ဖြင့် ခရီးစဉ်အစအဆုံးအတွက် ခုနစ်ရက်နှင့် လမ်းဘူတာများအတွက် သုံးရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၆ ခုနှစ် မိုးရာသီအတွက် ပျိုးပင်များ ပျိုးထောင်ထားရှိမှုစစ်ဆေး



**မုံရွာ မေ ၁၂**

စစ်ကိုင်းတိုင်း ဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးတင်သန်းဝင်းသည် မေ ၁၁ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနရုံး ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ၂၀၂၆ ခုနှစ် မိုးရာသီ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးက ဝန်ထမ်းများအား အမှာစကား ပြောကြားပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန တိုင်းဒေသကြီး တာဝန်ခံ ဦးမျိုးဝင်းက ၂၀၂၆ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြမှုများ အပေါ် လိုအပ်သည်များကို တိုင်းဒေသကြီးဝန်ကြီးက တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် အဆိုပါ ရုံးဝင်းအတွင်း ၂၀၂၆ ခုနှစ် မိုးရာသီအတွက် ပျိုးပင်များပျိုးထောင်ထားရှိမှုကိုစစ်ဆေးရာ ပျိုးခြံ ခုနစ်ခုတွင် စုစုပေါင်း ပျိုးပင် ၃၁၅၃၁၀ အား သတ်မှတ်နေရာ အသီးသီးတွင် ဖြန့်ဝေစိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြောက်ဥက္ကလာပမြို့နယ်၌ အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်း ဖွင့်လှစ်

**ရန်ကုန် မေ ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနက ရက်(၁၀၀) စီမံချက်ဖြင့် သမဝါယမအသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများအား အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းကို မြို့နယ်သမဝါယမအသင်းစုလီမိတက်ရုံးခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

**သင်တန်းဖွင့်လှစ်ပို့ချ**

အခမ်းအနားတွင် သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနိုင်က ရက်(၁၀၀)စီမံချက်ဖြင့် သမဝါယမအသင်း အမှုဆောင်များနှင့် အသင်းဝန်ထမ်းများအား အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်း ဖွင့်လှစ်ပို့ချပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ အသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများ စုစုပေါင်း ၆၈ ဦး တက်ရောက်သင်ယူမည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၁၂ ရက်မှ ၂၂ ရက်အထိ ၁၁ ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်၌ လူရည်ချွန်ဆုရှင်များအား ကြိုဆိုဂုဏ်ပြု

**ရေတာရှည် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ အပန်းဖြေလေ့လာရေး စခန်းမှ ပြန်လည်ရောက်ရှိလာသည့် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ယမန်နေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ကြိုဆိုခဲ့သည်။

ရေတာရှည်မြို့နယ်၌ လူရည်ချွန်ရရှိသည့် အထက(ရေတာရှည်) Grade-12 မှ မောင်ဥက္ကာဇော်နှင့် အထက(ရေနီ) Grade -10 မှ မယွန်းဝတီခိုင်တို့အား ရေတာရှည်မြို့နယ်ပညာရေးမှူး ဒေါ်ခင်သက်ဦး၊ အထက ရေတာရှည်(ယာယီတာဝန်ခံ) ဆရာမကြီး ဒေါ်နုနုဝင်း၊ အထက ရေနီ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီဦးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် ရပ်မိရပ်ဖများက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး(၁၆၅)မိုင်တွင် သွားရောက်ကြိုဆိုကာ ပန်းကုံး၊ ပန်းစည်း၊ ဂုဏ်ပြုငွေများဖြင့် ကြိုဆိုဂုဏ်ပြုခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# မလေးရှား-တရုတ် လျှပ်စစ်ကားနှင့် စွမ်းအင်သစ်ဖွံ့ဖြိုးတိုးတက်ရေး ထိပ်သီးဆွေးနွေးပွဲ ကျင်းပ

**ကွာလာလမ်ပူ မေ ၁၂**

မလေးရှား-တရုတ် လျှပ်စစ်ကားနှင့် စွမ်းအင်သစ်ဖွံ့ဖြိုးတိုးတက်ရေးထိပ်သီး ဆွေးနွေးပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူ၌ မေ ၁၂ ရက်တွင် ကျင်းပသည်။

နှစ်နိုင်ငံအကြား အနာဂတ်ကာလတွင် သွားလာရေးနှင့် အစိမ်းရောင်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရေး ဆောင်ရွက်ခြင်းဖြစ်သည်။

မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် အာမက်ဇာဟစ်ဟာမီဒီ ကြီးမှူးကျင်းပခဲ့သည့် ထိပ်သီးဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံ၏ ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေး၊ အဆင့်မြင့်တီထွင်ထုတ်လုပ်မှုနှင့် စိမ်းလန်းသောစွမ်းအင် အသွင်ပြောင်းမှုဆိုင်ရာ ရည်မှန်းချက်များကို မီးမောင်းထိုးပြခဲ့သည်။

နိုင်ငံအတွင်းငှင်းကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ကျွမ်းကျင်သူနည်းပါးခြင်း၊ စက်မှုလုပ်ငန်းများမှ လိုအပ်သည့် ထုတ်ကုန်အရေအတွက်နှင့် အမျိုးသားနည်းပညာဆိုင်ရာကဏ္ဍမှ ထုတ်လုပ်ရေးနည်းပညာ ဂေဟစနစ်၏ ကွာဟချက်တို့ကြောင့် စိန်ခေါ်မှုများရှိနေကြောင်း သိရသည်။

ယခုကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲသည် မလေးရှားနိုင်ငံ၏ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အဆင့်မြင့်နည်းပညာ ပလက်ဖောင်းတစ်ခု ဖြစ်လာမည်ဖြစ်သည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲအတွင်း လျှပ်စစ်ကားနှင့် အစိမ်းရောင်သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်မည့်အစီအမံတစ်ရပ်ကို တရုတ်နှင့်မလေးရှားကုမ္ပဏီများက အဆိုပြုခဲ့သည်။

အစီအမံ ပထမအဆင့်တွင် မလေးရှား-တရုတ် အစိမ်းရောင်ရွေ့လျားမှု ပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာနကို တည်ထောင်မည်ဖြစ်ပြီး ဒုတိယအဆင့်တွင် မလေးရှားနိုင်ငံအတွက် လာမည့်ငါးနှစ်အတွင်း လျှပ်စစ်ကား၊ ဘက်ထရီနှင့် စွမ်းအင်ဆိုင်ရာ ကျွမ်းကျင်သူ အရေအတွက် ၁၀၀၀ မွေးထုတ်ရေးအတွက် ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။




ကိုးကား–ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ




# ထိုင်းနိုင်ငံ၌ တောင်အမေရိကဒေသမှ ရောက်ရှိလာသူများအား ဟန်တာဗိုင်းရပ်စ်ကူးစက်မှု ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေး

**ဗန်ကောက် မေ ၁၂**

ထိုင်းနိုင်ငံသည် နိုင်ငံအတွင်း တောင်အမေရိကဒေသမှ ရောက်ရှိလာသူများတွင် ဟန်တာဗိုင်းရပ်စ်ကူးစက်မှု ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း ထိုင်းနိုင်ငံ ရောဂါပိုးမွှားထိန်းချုပ်ရေးဌာနက မေ ၁၂ ရက်တွင် ပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် နိုင်ငံသားများအား နိုင်ငံအတွင်း ဗိုင်းရပ်စ်ကင်းရှင်းကြောင်း ယုံကြည်မှုရှိစေရန်နှင့် နိုင်ငံတကာခရီးသွားလုပ်ငန်းကို အဆင်ပြေ ချောမွေ့စေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

**စစ်ဆေးမှုများဆောင်ရွက်**

ယခုအစီအမံအရ ပြီးခဲ့သည့်သီတင်းခြောက်ပတ်အတွင်း တောင်အမေရိကဒေသတွင်း နိုင်ငံ ၁၃ နိုင်ငံသို့ သွားရောက်ခဲ့သူများအား ဗိုင်းရပ်စ်ကူးစက်မှုရှိ၊ မရှိ စစ်ဆေးမည်ဖြစ်သည်။ ၎င်းဒေသအတွင်းသို့ သွားရောက်ခဲ့သူများအနေဖြင့် ကျန်းမာရေးအခြေအနေဆိုင်ရာ မှတ်တမ်းများကို ကျန်းမာရေးတာဝန်ရှိသူများအား တင်ပြရမည်ဖြစ်သည်။ နိုင်ငံအတွင်းရှိ နိုင်ငံတကာဝင်/ထွက်နေရာ ၇၄ ခုတွင် လိုအပ်သည့် လုပ်ငန်းများ ဆောင်ရွက်ရန် ညွှန်ကြားထားပြီး သင်္ဘောများနှင့် နိုင်ငံတကာမှ ရောက်ရှိလာသည့် သယ်ယူပို့ဆောင်ရေးယာဉ်များကို စစ်ဆေးရမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ရောဂါပိုးမွှားထိန်းချုပ်ရေးဌာနညွှန်ကြားရေးမှူးချုပ် Montien Kanasawadse က ပြောကြားသည်။ မေ ၉ ရက်အထိ တောင်အမေရိကဒေသမှပြန်လာသူ ၄၇၀ ကို စစ်ဆေးမှုများဆောင်ရွက်ခဲ့သည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံ၌ လောင်စာဆီသုံးစွဲမှုလျှော့ချရေးနည်းလမ်းများ အကောင်အထည်ဖော် ဆောင်ရွက်

**ဂျကာတာ မေ ၁၂**

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်းကို တားဆီးသည့်အနေဖြင့် နိုင်ငံအတွင်း လောင်စာဆီသုံးစွဲမှုလျှော့ချရေးနည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ပါဘူရာ ယက်ဟီဆာဒီဝါက မေ ၁၂ ရက်တွင် ပြောကြားသည်။




အစိုးရအနေဖြင့် ပြည်ပနိုင်ငံများမှ လောင်စာဆီသွင်းကုန်များအား အားပြုခြင်းကို လျှော့ချသည့်အနေဖြင့် နိုင်ငံအတွင်း ရုပ်ကြွင်းလောင်စာမှ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုခြင်းကို မြှင့်တင်ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း ဇွန်လမှစတင်၍ လောင်စာဆီသုံးစွဲမှု လျှော့ချရေးအတွက် လျှပ်စစ်ကားများအား ဆုကြေးပေးသည့် အစီအမံကို ဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် လက်ရှိကမ္ဘာပေါ်၌ မသေချာမရေရာမှုများ မြင့်တက်နေချိန်တွင် အင်ဒိုနီးရှားနိုင်ငံ ဗဟိုဘဏ်အနေဖြင့် နိုင်ငံအတွင်း သုံးစွဲနေသည့် ငွေကြေးတန်ဖိုးတည်ငြိမ်မှုရှိစေရေး အတွက် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိသည်ဟု ၎င်းက ပြောကြားသည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–စိုးသူရ

# အစ္စရေးတပ်ဖွဲ့ဝင်များ လက်ဘနွန်နိုင်ငံ၌ စစ်ဆင်ရေးဆောင်ရွက်

**ဂျေရုဆလင် မေ ၁၂**

အစ္စရေးတပ်ဖွဲ့ဝင်များသည် လက်ဘနွန်နိုင်ငံရှိ လီတာနီမြစ်ကို ဖြတ်ကူးလာပြီးနောက် အစ္စရေးနယ်စပ်အနီး ၁၀ ကီလိုမီတာအကွာအဝေးတွင် တည်ရှိသည့်ဒေသ၌ စစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က မေ ၁၂ ရက်တွင် ပြောကြားသည်။

အဆိုပါမြစ်အား ကြည်းတပ် တပ်ဖွဲ့များ ဖြတ်ကူးလာပြီး တင့်ကားများဖြင့် စစ်ဆင်ရေးဆောင်ရွက်ခဲ့ကြောင်း ရုပ်မြင်သံကြားမှတ်တမ်းများနှင့် ဓာတ်ပုံများအရ သိရသည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း ဂိုလန်တပ်မမှ တပ်ဖွဲ့များသည် လီတာနီဒေသအတွင်း ဟဇ်ဘိုလာများနှင့် အနီးကပ်တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။ ၎င်းစစ်ဆင်ရေးအတွက် အစ္စရေးလေတပ်မှ ဒေသအတွင်းရှိ နေရာ ၁၀၀ ကျော်ကို ဗုံးကြဲတိုက်ခိုက်ခြင်းဖြင့် မြေပြင်တပ်ဖွဲ့များအား အကူအညီပေးခဲ့ကြောင်းနှင့် မြေအောက်ရှိ ဟဇ်ဘိုလာအဖွဲ့၏ အခြေခံအဆောက်အအုံများကို တိုက်ခိုက်ရန် စက်ရုပ်များအကူအညီဖြင့် ဆောင်ရွက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များက ဟဇ်ဘိုလာအဖွဲ့ဝင်များအား ချေမှုန်းနိုင်ခဲ့ပြီး ၎င်းတို့၏ ဥမင်များ၊ လက်နက်သိုလှောင်ရာနေရာများကို တိုက်ခိုက်ဖျက်ဆီးခဲ့သည်။ အစ္စရေး၏ တိုက်ခိုက်မှုများအတွင်း အနည်းဆုံး ဒေသခံ ၂၈၈၂ ဦး သေဆုံးပြီး ၈၇၆၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

# တူကီယဲ၌ အိုင်အက်စ်အဖွဲ့အပေါ် ငွေကြေးထောက်ပံ့သည့် ဒစ်ဂျစ်တယ်ငွေကြေးကွန်ရက်တစ်ခုအား နှိမ်နင်း



**အစ္စတန်ဘူလ် မေ ၁၂**

တူကီယဲရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံအတွင်း အိုင်အက်စ်အကြမ်းဖက်အဖွဲ့အား ငွေကြေးထောက်ပံ့ပေးနေသည့် ဒစ်ဂျစ်တယ်ငွေကြေးကွန်ရက်တစ်ခုအား နှိမ်နင်းရာတွင် ဒေသခံ ၄၃ ဦးကို မေ ၁၂ရက်က ဖမ်းဆီးခဲ့ကြောင်း အစ္စတန်ဘူလ် တရားရေးဌာနရုံးအကြီးအကဲက ပြောကြားသည်။

အစ္စတန်ဘူလ်၊ အန်ကာရာနှင့် အန်တာရာအပါအဝင် ပြည်နယ် ၁၆ ခုတွင် စစ်ဆင်ရေးဆင်နွှဲကာ စီးနင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၎င်းဒစ်ဂျစ်တယ်ငွေကြေးကွန်ရက်သည် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဒစ်ဂျစ်တယ်ငွေကြေးစနစ်ဖြင့် ငွေကြေးကောက်ခံကာ လူသားချင်းစာနာထောက်ထားမှု အကူအညီအသွင်ဖြင့် ကန်ဒေါ်လာ ၁၇၀၀၀၀ အား လူမှုကွန်ရက်မှနေ၍ ဆီးရီးယားနိုင်ငံ အကျဉ်းစခန်းများမှ အိုင်အက်စ်အဖွဲ့ဝင်များ၏ မိသားစုများထံ ပေးပို့ခဲ့သည်။

ယင်းစစ်ဆင်ရေးအတွင်း အိုင်အက်စ်များနှင့် ပတ်သက်သည့် မှတ်တမ်းများကို သိမ်းဆည်းခဲ့သည်။ တူကီယဲနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှစတင်၍ အိုင်အက်စ်အဖွဲ့အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ခဲ့ပြီးနောက် အိုင်အက်စ်အဖွဲ့ကလည်း နိုင်ငံအတွင်း အကြမ်းဖက်မှုများဆောင်ရွက်ခဲ့ရာ စစ်ဆင်ရေးများ ဆင်နွှဲ၍ အရေးယူမှုများ ဆောင်ရွက်ခဲ့သည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–စိုးသူရ


# ၂၀၂၆ ခုနှစ် ဧပြီလအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့် ကိရိယာ (FPM-377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ (μm)နှင့်အောက်သေးငယ်သော အမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေး စောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ ဧပြီလအတွင်းတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီး ဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဧပြီလအတွင်းတွင် အသင့်အတင့်အဆင့်၌ ၂၄ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၆ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$)မှာ အသင့်အတင့်အဆင့်၌ ၅ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများ အတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၆ ရက်နှင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၁၉ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**


ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ





ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း ($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း




လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေး အညွှန်းကိန်း(AQI) | လေအရည် အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ် မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေး ထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသောအုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေပိုများသည်။ |

# ၂၀၂၆ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ | ဆာလဖာ ဒိုင် အောက် ဆိုက် | နိုက် ထရိုဂျင် ဒိုင်အောက် ဆိုက် | အို ဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်)နှင့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး)တို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ခြင်းမရှိသော အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် ကိုယ်အင်္ဂါနှင့် ဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
- (က) Down Syndrome
- (ခ) Autism
- (ဂ) Attention Deficit Hyper Activity Disorder (ADHD)
- (ဃ) Global Developmental Delay (GDD)
- (င) အခြားဉာဏ်ရည်မသန်စွမ်းမှု အမျိုးအစားများ
- (စ) ခြေလက်မပြည့်စုံသူ (Amputee)
- (ဆ) သူငယ်နာအကြောတင်း (Cerebral Palsy)

၂။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။

၃။ အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် ကျောင်းအပ်နှံပြီး ကျောင်းသား/သူများပါ တစ်ပါတည်းခေါ်ဆောင်၍ အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ခတ်ပုံ (၄) ပုံ၊ မွေးစာရင်းမူရင်းနှင့် မိတ္တူ

၂။ အိမ်ထောင်စုဇယားမူရင်းနှင့် မိတ္တူ

၃။ သတ်မှတ်ထားသောရောဂါအမည် (Diagnosis) မိတ္တူ

၄။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများ

ကျောင်းသား၊ ကျောင်းသူဟောင်းများအား မေလဆန်း၊ တတိယပတ်တွင် ကျောင်းအပ်လက်ခံမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူသစ်များအား မေလ၊ စတုတ္ထပတ်မှစ၍ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသူသည် ဖွံ့ဖြိုးမှုနယ်ပယ် (၅) ရပ်အပြင် မိမိတို့၏ တစ်နေ့တာလုပ်ဆောင်မှုများအား လေ့ကျင့်သင်ကြားရမည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမှတ်-၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း အမှတ် (၂၆) ဘီလမ်း၊ ၅၈ x ၅၉ လမ်းကြား၊ မဟာဓေယျာဘုံရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၀၄၂၅၂၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်) ဖုန်း ၀၉-၄၄၈၀၁၉၀၅၀၊ ၀၉-၂၅၀၀၈၇၂၂၉၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) ဖုန်း ၀၉-၄၀၀၄၀၇၅၄၂၊ ၀၉-၄၀၂၅၈၃၂၁၆ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## မျက်မမြင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် စစ်ကိုင်းမျက်မမြင်ကျောင်းတို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် မျက်မမြင်အမျိုးအစား
- (က) လုံးဝမမြင်သူများ
- (ခ) အနည်းငယ်မြင်သူများ (အမြင်အားဖြင့်၁/၁၀ ထက်မပိုရ)
- (ဂ) ကုသ၍ မရနိုင်သည့် မျက်မမြင်များ

၂။ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။

၃။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။

၄။ အမြင်အာရုံမသန်စွမ်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူရှိရမည်။

၆။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။

၇။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ခတ်ပုံ (၄) ပုံ၊ မွေးစာရင်းမူရင်းနှင့် မိတ္တူ

၂။ မိဘ (၂) ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ

၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ

၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင် နေထိုင်ကြောင်း ထောက်ခံချက်

၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း (အမှတ်-၁၃၂၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့) သို့လည်းကောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်း (အမှတ် ၆/၂၈ မြို့သစ်ရပ်ကွက်၊ မရှိခဏဘုရားအနီး၊ စစ်ကိုင်းမြို့) သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာရပ်၊ အသက်မွေးဝမ်းကျောင်းပညာရပ်တက်ရောက်ခွင့်ရရှိပါက ကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခ ပေးသွင်းရန် မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၀၄၂၅၂၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ဖုန်း-၀၉-၂၅၇၃၃၈၄၇၉၊ ၀၉-၄၂၀၁၃၈၆၆၀၊ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း-၀၉-၄၀၂၆၄၅၁၇၃၊ ၀၉-၂၅၉၂၀၉၄၂၈ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## ပေါင်မြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ပေါင် မေ ၁၂**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ကဒါရပ်ကွက် မင်္ဂလာဈေးနှင့် လူစည်ကားရာနေရာများတွင် ဆောင်ရွက်သည်။



အဆိုပါ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မြင့်ထွန်း ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဥပဒေအရာရှိ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မူခင်းကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင် ၁၀၀၀ အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

■

## မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီး မော်လမြိုင်မြို့ပေါ်ရှိ ရဲစခန်း၊ အချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

**မော်လမြိုင် မေ ၁၂**

မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါက်တာအောင်သီဟသည် ပြည်နယ်တရားရေးဦးစီးမှူး ဦးသိန်းထိုက်ဦး၊ မော်လမြိုင်ခရိုင် တရားသူကြီး ဒေါ်စမ်းသီတာအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ပေါ်ရှိ ဇေယျာသီရိနယ်မြေရဲစခန်း၊ စက်မှုဇုန်နယ်မြေရဲစခန်း၊ စစ်ကဲကုန်းနယ်မြေရဲစခန်း၊ အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။



ပြည်နယ် တရားလွှတ်တော် တရားသူကြီးနှင့် တာဝန်ရှိသူများသည် အချုပ်စခန်းအတွင်း အချုပ်သား အချုပ်သူများ နေထိုင်သည့် အဆောင်များ၊ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လှည့်လည်ကြည့်ရှု၍ ၎င်းတို့၏ဥပဒေပါအခွင့်အရေးများ ရရှိခြင်း ရှိ/မရှိ၊ နေရာထိုင်ခင်း အဆင်ပြေမှု ရှိ/မရှိ ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ/ မရှိနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရ/မရ အခြေအနေများကို ကြည့်ရှုစစ်ဆေးမေးမြန်းပြီး လိုအပ်ချက်များ ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



## ကော့မှူးမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်း ဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ကော့မှူး မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် (၁၀၀) စီမံချက်ဖြင့် ကော့မှူးမြို့နယ်ရှိ ပျဉ်းကတိုး-ချောင်းဝလမ်း (၀/၂)မိုင်အား မြေကြီးတာပေါင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးသန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇင်ဟိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (အင်းစိန်)ဦးဝင်းထွန်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# ပုသိမ်သင်တန်းစခန်းများရှိ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် ရေကြောင်းလူငယ်အခြေခံသင်တန်း လေ့ကျင့်သင်ကြားနေမှုများ ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၂

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသားလူငယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အခြေခံလေကြောင်းဆိုင်ရာ ပညာရပ်များကို စိတ်ပါဝင်စားပြီး ကျွမ်းကျင်တတ်မြောက်စေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် လေယာဉ်ပျံသန်းမှုဆိုင်ရာပညာရပ်များကို နားလည်သိရှိစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်လက်ကြံ့ခိုင်မှုနှင့် စည်းလုံးညီညွတ်မှုရှိစေရန်နှင့် လူငယ်လူရွယ်များအား အခြေခံရေကူး၊ ရေတပ်သားပညာရပ်၊ အလံအချက်ပြဆက်သွယ်ရေးဘာသာရပ်နှင့် လှေလှော်ရွက်တိုက်ဘာသာရပ်များသိရှိနားလည်၍ ရေကြောင်းသွားလာမှုဆိုင်ရာပညာရပ်များကို စိတ်ပါဝင်စားပြီး အနာဂတ် မျိုးဆက်သစ်ရရှိစေရန်တို့အတွက် ရည်ရွယ်၍ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းများကို ဧပြီ ၂၇ ရက်မှ စတင်၍ ပုသိမ်မြို့သင်တန်းစခန်းအသီးသီး၌ လေကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀) တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများ သင်ကြားလေ့ကျင့်နေမှုကို မေ ၁၁ ရက် မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး **(ယာပုံ)** သင်တန်းသား သင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့ပြင် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းတွင် ပုသိမ်သင်တန်းစခန်း၌ တက်ရောက်သင်ကြားလေ့ကျင့်နေသော ရေကြောင်းလူငယ်



အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းသား သင်တန်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာ အတူတကွသုံးဆောင်ကြပြီး သင်တန်းသား သင်တန်းသူများ သင်ကြားနေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို မဂ္ဂါဝပ် ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်

ပုသိမ် မေ ၁၂

ဧရာဝတီ ဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က ပုသိမ်စက်မှုစီမံကိန်းနှင့် 30 MW Solar Power Generation Project လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်သည်။



## ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ကုမ္ပဏီမှ တာဝန်ရှိသူများက အဆိုပြုဆိုလာစီမံကိန်း 30 MW မှ ထုတ်လုပ်ပေးနိုင်မည့် လစဉ်ဓာတ်အားအခြေအနေ၊ မဟာဓာတ်အားလိုင်းသို့ ချိတ်ဆက်နိုင်မှု၊ နေရောင်ခြည်စွမ်းအင်ရရှိနိုင်မှုအခြေအနေ၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ၊ စီမံကိန်းအမြန်ဆုံး စတင်ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ မဂ္ဂါဝပ် ၃၀ ပုသိမ်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို မေ ၂၆ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၇ ခုနှစ် မေ ၂၆ ရက်တွင် လုပ်ငန်းပြီးစီးမည် ဖြစ်သည်။ ကနဦး မဂ္ဂါဝပ် ၃၀ ဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ကာ စီမံကိန်းအကောင်အထည်ဖော်နိုင်မည့် မြေနေရာရရှိမှုအပေါ်မူတည်၍ မဂ္ဂါဝပ် ၉၀ အထိ ထုတ်လုပ်မှုစွမ်းအားတိုးမြှင့် လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျုံပျော်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်

ကျုံပျော် မေ ၁၂

နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ဘဏ်ခွဲ၌ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။

ဦးစွာ ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက စိုက်ပျိုးစရိတ်ချေးငွေကို သွင်းအားစုလုပ်ငန်းများတွင် စနစ်တကျအသုံးပြုရန် အမှာစကားပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းတို့က လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျီးအိုင်ကျေးရွာအုပ်စုနှင့် ဓနော်ကျေးရွာအုပ်စုတို့မှ တောင်သူ ၁၉၆ ဦးတို့၏ စိုက်ဧက ၁၂၅၅ ဧကအတွက် ငွေကျပ် ၃၇၆၅ သိန်းကို စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**



# အင်းစိန်မြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်း ဖွင့်လှစ်

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဟိန်းက မှုခင်းပိုင်းဆိုင်ရာများပြောကြားပြီး အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(ရန်ကုန်)မှ ဒုတပ်ဖွဲ့စုမှူး ဒုရဲမှူးဝေလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ အင်းစိန်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ရွာ



အခြေပြုအဖွဲ့များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းလင်းကျော်(ပြန်/ဆက်)**

# မိုင်းရယ်မြို့၌ လူရည်ချွန်မောင်မယ်များအား ကြိုဆိုဂုဏ်ပြု

မိုင်းရယ် မေ ၁၂

မိုင်းရယ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက နေပြည်တော်နှင့် ငွေဆောင်ကမ်းခြေတို့မှ လေ့လာရေးခရီးသွားရောက်လည်ပတ်ပြီး ပြန်လည်ရောက်ရှိလာသည့် ရှမ်း(မြောက်)ဒေသမှ လူရည်ချွန်မောင်မယ်များအား ယနေ့မွန်းလွဲပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကြိုဆိုဂုဏ်ပြုကြသည်။

အဆိုပါ လူရည်ချွန်မောင်မယ်များမှာ မိုင်းရယ်မှ တစ်ဦး၊ တန့်ယန်းမှ ငါးဦး၊ လားရှိုးနှင့် မူဆယ်မြို့နယ်တို့မှ ခုနစ်ဦးစီတို့ဖြစ်ပြီး ကြီးကြပ်ဆရာ ဆရာမ လေးဦးတို့က လိုက်ပါကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မေ ၁၁ ရက်က ပန်းတနော်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦး ဦးဆောင်၍ သန္နေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ပန်းတနော်မြို့နယ် မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ လူ/ယာဉ်/စက်/ပစ္စည်းကိရိယာ အသင့်ဖြင့် စုဖွဲ့ခြင်းနှင့် လေ့ကျင့်မှုများ ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

မင်းထက်သာ





ဝါးအလယ်ကျွန်းတွင် နိုင်ငံခြားသားခရီးသွားများ လည်ပတ်ရာ ထုံးကျောက်ဂူတစ်ခုကိုတွေ့ရစဉ်။

✻ ကျောဖုံးမှ

ခရီးသွား ဝင်ရောက်မှုများသည် ဒီဇင်ဘာလ၊ ဇန်နဝါရီလတို့တွင် တစ်ဦးလျှင် အမေရိကန် ဒေါ်လာ ၈၅၀ နှင့် ကျန်သောလများ၌ အမေရိကန်ဒေါ်လာ ၈၀၀ ဖြင့် ဝန်ဆောင်မှုပေးသည်။

ဝါးအလယ်ကျွန်း အပန်းဖြေစခန်းသို့ နိုဝင်ဘာလမှ ဧပြီလကုန်ပိုင်းအထိ ခရီးသွားများ လည်ပတ်လေ့ရှိပြီး ပုံမှန်အားဖြင့် ဩဂုတ်လမှစ၍ ခရီးသွားလက်ခံလေ့ရှိသော်လည်း ယခုခရီးသွားရာသီ၌ ခရီးသွား ပိုမိုဝင်ရောက်ခဲ့မှုကြောင့် လာမည့်ခရီးသွားရာသီ ကာလအတွက် ယခုမေလမှစကာ ကြိုတင်စာရင်း လက်ခံလျက်ရှိသည်။

"ကျွန်တော်တို့က ဝါးအလယ်ကျွန်းကို ဧည့်သည်အများကြီးလာဖို့ မမျှော်မှန်းထားပါဘူး။ ဘာကြောင့်လဲဆိုတော့ ဂေဟစနစ် ပျက်စီးသွားမှာစိုးလို့ပါ။ တစ်ရက်ကို ခရီးသွား ၄၀ နဲ့ ၅၀ ကြားပဲလက်ခံပါတယ်။ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖြစ်တဲ့အတွက် နိုင်ငံခြားသားခရီးသွားတွေကို သဘာဝအလှ၊ သဘာဝပတ်ဝန်းကျင်နဲ့ သဘာဝအတိုင်း ထိန်းသိမ်းထားရှိတဲ့ မိုးသစ်တော၊ ဒီရေတော၊ ဇီဝမျိုးစုံမျိုးကွဲ၊ တောရိုင်းတိရစ္ဆာန်နဲ့ ဒေသခံဆလုံတိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှုတို့ကို ပြသပါတယ်။ အထူးသဖြင့် ခရီးသွားများဟာ သဘာဝဂေဟစနစ်ကို ကြည့်ရှုခံစားချင်လို့လာရောက်ကြတာဖြစ်တဲ့အတွက် သဘာဝကို ချစ်မြတ်နိုးတဲ့ ခရီးသွားတွေကို ကျွန်တော်တို့က ပိုပြီးလေးစားတန်ဖိုးထားပါတယ်။ ဒီလကစပြီး လာမယ့်ခရီးသွားရာသီအတွက် ကြိုတင်စာရင်းလက်ခံနေပါပြီ။ သဘာဝအလှကြွယ်ဝတဲ့ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းက ကြိုဆိုနေပါတယ်"ဟု ဝါးအလယ်ကျွန်း အပန်းဖြေစခန်းမှ အထွေထွေမန်နေဂျာ ဦးအောင်ဇင်လတ်က ပြောသည်။

လန်ပိကျွန်းကို ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် လန်ပိအဏ္ဏဝါအမျိုးသား ဥယျာဉ်အဖြစ် အသိအမှတ်ပြုခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့သည်။ ယခုခရီးသွားရာသီ၌ ဝါးအလယ်ကျွန်းအပန်းဖြေ စခန်းသို့ အများဆုံး လာရောက်အပန်းဖြေလည်ပတ်သည့် ခရီးသွားများမှာ ဂျာမနီနိုင်ငံမှဖြစ်ပြီး ဒုတိယအများဆုံးမှာ ရုရှားနိုင်ငံမှဖြစ်ကာ တတိယသည် အမေရိကန်နိုင်ငံမှ ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကန္နီး**



## မြန်မာ့ရိုးရာလက်ဝှေ့ကစားသမားများ ပြိုင်ပွဲယှဉ်ပြိုင်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၁၂

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် Knock out မွေထိုင်းယှဉ်ပြိုင်ရန် ဒေါက်တာမြတ်သင်းခိုင် ဦးဆောင်သော မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့သည် ယနေ့ ည ၉ နာရီက ဂျပန်နိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမွေအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲ၌ စူပါရေချမ်းသည် ၆၃ ကီလိုတန်းတွင် ထိုင်းလက်ဝှေ့ကျော်ဖြင့်လည်းကောင်း၊ စောဘဟိန်းသည် ၆၃ ကီလိုတန်းတွင် ဂျပန်လက်ဝှေ့ကျော်ဖြင့်လည်းကောင်း၊ ၅၁ ကီလိုတန်းတွင် ဒေါင်းမိုက်သွေးသည် ဂျပန်လက်ဝှေ့ကျော်ဖြင့်လည်းကောင်း မေ ၁၅ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ထိုအဖွဲ့နှင့်အတူ ဂျပန်နိုင်ငံတွင် တစ်နှစ်ကြာ ရိုးရာလက်ဝှေ့သင်ကြားပေးမည့် နည်းပြနှစ်ဦးဖြစ်သော ကြယ်စင်ဖြိုးနှင့် ဟံသာဝတီသားတို့ လိုက်ပါသွားကြောင်းသိရသည်။ ဗလ

## မူဆယ်ခရိုင်၏ ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်ပေးအပ်

မူဆယ် မေ ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်း ရည်မှန်းချက်တာဝန် ပေးအပ်ပွဲကို ခရိုင်/မြို့နယ် စုပေါင်းရုံးခန်းမတွင် ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်သည်။



အခမ်းအနားတွင် မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မင်းသိန်းက မူဆယ်ခရိုင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်း ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ ရေးဆွဲထားရှိမှု အခြေအနေများ၊ ဌာနအလိုက် ပြည်ထောင်စု/ပြည်နယ် ဘဏ္ဍာရန်ပုံငွေခွင့်ပြုရရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များကို မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းနှင့် တာဝန်ရှိသူများက တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကလောမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

ကလော မေ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ယနေ့နံနက်ပိုင်းက ပြည်ထောင်စုအစိုးရအဖွဲ့၏ ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့် ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးရေးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားပြုလုပ်သည်။



ဦးစွာ ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနန္ဒာလှမြင့်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကလောမြို့နယ်ရှိ လယ်ကြားကျေးရွာအုပ်စုမှ တောင်သူ ၆၄ ဦးကို မိုးစပါးနှင့်အခြားသီးနှံများအတွက် ချေးငွေ ၁၀၈၅ သိန်းကို ထုတ်ချေးပေးခဲ့သည်။ ကလောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ယခင်နှစ် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးနှင့်အခြားသီးနှံစိုက်ပျိုးထုတ်ချေးငွေကျပ် ၉၅၇၃ ဒသမ ၅၀ သိန်းကိုထုတ်ချေးပေးခဲ့ပြီး ယခုနှစ်၂၀၂၆-၂၀၂၇ ခုနှစ်တွင် ကလောမြို့နယ်ကျေးရွာအုပ်စု ၁၅ အုပ်စုနှင့် ပင်လောင်းမြို့နယ်ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ စိုက်ပျိုးရေးတောင်သူများအတွက် ငွေကျပ် ၂၀၉၁၂ ဒသမ ၅၀ သိန်း ထုတ်ချေးရန်လျာထားကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**


## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။


## အုတ်တွင်းမြို့နယ်၌ ကျွဲ၊ နွားများအား ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

အုတ်တွင်း မေ ၁၂

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ရက် (၁၀၀)စီမံချက်ဖြင့် ကျွဲ၊ နွားများအား လည်ချောင်းကွဲရောဂါကာကွယ်ဆေးများ အခမဲ့လိုက်လံထိုးနှံပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းများကို ယနေ့နံနက်ပိုင်းက လက်စွပ်ကျကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်သည်။

မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဒေါ်ထက်ယမုံဦးက ကျွဲ၊ နွားများတွင် ကျရောက်တတ်သော ရောဂါများ၊ ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ လက္ခဏာများအား ကြိုတင်ကာကွယ်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး လက်စွပ်ကျကျေးရွာအတွင်းရှိ ကျွဲ၊ နွားကောင်ရေ ၁၅၀ အား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများကို အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**



❐ ဘိုလေ့ဂ်နာအသင်းမှ

တစ်ဂိုး၊ ၃၄ မိနစ်မှာ အော်ဆိုလီနီ ကတစ်ဂိုး၊ သာမန်ပွဲကစားချိန်မိနစ် ၉၀ အပြီး နာကျင်အချိန်ပို တစ်မိနစ်မှာ ရိုဝီက တစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ နာပိုလီအသင်းအနေနဲ့ ဘိုလေ့ဂ်နာအသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် လက်ရှိအချိန်မှာ ရမှတ် ၇၀ ရရှိထားတာကြောင့် အီတလီစီးရီးအေအမှတ်ပေးဇယားအဆင့် ၂ နေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ဘိုလေ့ဂ်နာအသင်းကတော့ နာပိုလီအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အီတလီစီးရီးအေပွဲစဉ် ၃၆ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၅၂ မှတ်အထိစုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့် ၈ နေရာသို့ တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

### ဝင်ငွေခွန်ကြေညာလွှာ/ လစာနှစ်ချုပ်စာရင်း/ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့် ကာလ) သတ်မှတ်ချက်မှာ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူနေသော ရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website Home Page ရှိ အခွန်ထမ်းမှတ်ပုံတင်ရန် (e-Registration Button) မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ်အခွန်ကြေညာလွှာတင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်များကိုပါ ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အခွန်ထမ်းသစ်တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည် -

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

( ခ ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

( ဂ ) **အီလက်ထရောနစ်နည်းဖြင့်ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူ ရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့်နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System) ကိုအသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာ တင်သွင်းပုံ အဆင့်ဆင့် ဗွီဒီယိုဖိုင် (User Guide Video Files)များကို ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.ird.gov.mm တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးများနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာတင်သွင်းကြရန် ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို www.ird.gov.mm တွင်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးများထံတွင်လည်းကောင်း ရယူနိုင်ပါသည်။)

( ခ ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

( ဂ ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည် ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

(ဃ) အခွန်ထမ်းကုမ္ပဏီအသစ်များအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ်အား အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းရာ၌ အခွန်ထမ်း၏ လက်မှတ်မှတ်တမ်း(မူရင်း)ကို သက်ဆိုင်ရာအခွန်ရုံးထံ သင့်ရာနည်းဖြင့် မပျက်မကွက် ကြိုတင်ပေးပို့ရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ (အင်္ဂါနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန် ပျက်ကွက်ပါက အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်ဖြစ်ပါသည် -

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

( ခ ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလ အတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာတင်သွင်းရမည့် သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် -

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊
ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂

( ခ ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄

( ဂ ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်း ဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဈေးရပ်ကွက်၊ သုခလမ်းနေ အဖဦးစိုးတင့် ၏ သမီး[၁၂/တကန(နိုင်)၀၀၅၀၉၀]ကိုင်ဆောင်သူ ဒေါ်နီနီစိုး၏ မွေးသက္ကရာဇ် အမှန်မှာ ၃-၁၀-၁၉၆၅ ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၁)၊ မြေကွက်အမှတ်-၇၅၈၊ မြေကွက်တည်နေရာအမှတ်-၇၅၈၊ ဗိုလ်ဗလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးကျော်ဝင်း MMA-049276) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးကျော်ဝင်း (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်မြမြဝင်း [၁၂/မဘန(နိုင်)၀၂၇၆၇၆]မှ တစ်ဦးတည်းသော တရားဝင် ဇနီးဖြစ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသောဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းတစ်ဦးတည်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍အခြားသော အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ဝါဆို၊ မြေကွက်အမှတ်-၂၈၇၊ ဧရိယာ-၀.၀၂၈ဧက၊ မြေကွက်တည်နေရာအမှတ်-၁၁၊ အောင်သပြေလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးချစ်ဆွေ [၁၂/ဒပန(နိုင်)၀၁၄၄၁၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးချစ်ဆွေ(ဖခင်)နှင့် ဒေါ်ညွန့်ရီ(မိခင်)တို့အသီးသီး ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးဝင်းဌေး[၁၂/ဒပန (နိုင်) ၀၁၄၄၁၃]၊ ဦးလှဝေ[၁၂/ဒပန(နိုင်)၀၀၀၀၃၂]၊ ဦးကြည်ဆွေ[၁၂/ဒပန(နိုင်)၀၀၀၀၃၃]၊ ဒေါ်တင်မော်ဆွေ[၁၂/ဒပန(နိုင်)၀၀၈၄၇၄]တို့မှ မိဘများကွယ်လွန်ပြီးနောက် ဖော်ပြပါမြေကွက်ကို ၎င်းတို့မောင်နှမ (၄)ဦးတည်းသာလျှင် တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ ဦးချစ်ဆွေ၊ ဒေါ်ညွန့်ရီတို့၏ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၆/၂၀၂၆-၂၀၂၇)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-031(26-27)CAP | Spares for BOP & Wellhead Handling Bolting Tools (1) Lot | Ks |
| (၂) | DMP/L-032(26-27)CAP | 6" x 8" R Sand Pump with Motor (4) Sets | Ks |
| (၃) | DMP/L-033(26-27)CAP | Spares for K 700 Mud Pump Ex National 55 Series Drilling Rig (2) Groups | Ks |
| (၄) | DMP/L-034(26-27)CAP | Spares for F 1000 Mud Pump Ex D3 T2 Drilling Rig (2) Groups | Ks |
| (၅) | DMP/L-035(26-27)CAP | Installation Services of Cathodic Protection System for Myaingalay-Yangon 20" Natural Gas Pipe Line (1) Lot | Ks |
| (၆) | DMP/L-036(26-27)CAP | Main Motor for L-Type and ZW-Type Compressor (2) Items | Ks |
| (၇) | DMP/L-037(26-27)CAP | Spare Parts for L-Type,ZW-Type and IMW Compressor (3) Groups | Ks |
| (၈) | DMP/L-038(26-27)CAP | Spare Parts for Intermech (LP), Kwangshin, and Aspro (3) Groups | Ks |
| (၉) | DMP/L-039(26-27)CAP | Spare Parts for CNG Dispenser (3) Items | Ks |
| (၁၀) | DMP/L-040(26-27) | 6 " API 5L Coated Steel Line Pipe (2,400) MTR | Ks |
| (၁၁) | DMP/L-041(26-27) | Assorted sizes of Welding Electrodes (2) Items | Ks |
| (၁၂) | DMP/L-042(26-27) | Cement Additives (6) Items | Ks |
| (၁၃) | DMP/L-043(26-27) | Accessories for D 375 Mud Pump (6) Items | Ks |
| (၁၄) | DMP/L-044(26-27) | Steel Wire Ropes for Well Servicing (2) Items | Ks |
| (၁၅) | DMP/L-045(26-27) | Accessories for Gas Control and Metering System (38) Item | Ks |
| (၁၆) | DMP/L-046(26-27) | Accessories for Gas Engine and Compressor (3) Groups | Ks |
| (၁၇) | DMP/L-047(26-27) | Coolant (Premix Coolant) (30) Drums | Ks |
| (၁၈) | DMP/L-048(26-27) | Assorted sizes of Rock Bit, PDC Bit and Other Bit (1) Lot | Ks |
| (၁၉) | DMP/L-049(26-27) | Assorted sizes of Shoe, Collar and Cementing Plug (1) Lot | Ks |
| (၂၀) | DMP/L-050(26-27) | Accessories for D3 T2 SR II Drawwork (1) Lot | Ks |
| (၂၁) | DMP/L-051(26-27) | Accessories for Hand Tools Ex Production Testing(8)Items | Ks |
| (၂၂) | DMP/L-052(26-27) | Accessories for Pipe Fitting (19) Items | Ks |
| (၂၃) | DMP/L-053(26-27) | Accessories for Casing Elevator (1) Lot | Ks |
| (၂၄) | DMP/L-054(26-27) | Accessories for Work Over and Fishing (1) Lot | Ks |
| (၂၅) | DMP/L-055(26-27) | Manila Rope and Jute Rope (2) Groups | Ks |
| (၂၆) | DMP/L-056(26-27) | Duovis (10) Tons | Ks |
| (၂၇) | DMP/L-057(26-27) | Barytes(Local)(800) Tons | Ks |
| (၂၈) | DMP/L-058(26-27) | Assorted Kinds of Filter (1) Lot | Ks |
| (၂၉) | DMP/L-059(26-27) | Assorted Kinds of Belt (1) Lot | Ks |
| (၃၀) | DMP/L-060(26-27) | Assorted Kinds of Bearing (1) Lot | Ks |
| (၃၁) | DMP/L-061(26-27) | Accessories for Adaptor Spool and Flanges (1) Lot | Ks |
| (၃၂) | DMP/L-062(26-27) | Accessories for all Swivels (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၅-၂၀၂၆ ရက်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၇-၅-၂၀၂၆ ရက်နေ့ (၁၃:၀၀)နာရီတွင် နောက်ဆုံးထား၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ ရတနာခန်းမ၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ် (ပ-၃၃၆၉၇)ကို အမည်ပေါက် ဦးအုန်းမောင် (ဘ)ဦး AGBအင်ဒရူး(စ်)(ခ)စိုးလင်း၊ မှတ်ပုံတင်အမှတ်[၉/ပဥလ(နိုင်) ၀၁၆၅၉၉]၊ (ကွယ်လွန်)၏ အမွေခံဇနီးဖြစ်သူ ဒေါ်နော်မူမူ (ဘ)ဦးစောအမောင် မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်)၀၄၀၈၆၁]မှ မြေပေးစလစ်(မူရင်း)ပျောက်ဆုံးသွားသဖြင့် မြေပေးစလစ်(မိတ္တူ)မှန် ထုတ်ပေးပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ အမည်ပေါက်၏ သေဆုံးမှုလက်မှတ်၊ မြေပေးစလစ် ပျောက်ဆုံးကြောင်းနှင့် အမွေခံ ဇနီးမှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ မြေကွက်ဖိုးသွင်းချလန်၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးစလစ်(မိတ္တူ)မှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## "အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ မြိတ်လမ်း၊ အမှတ်(၇၈၉)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ မြေကွက်အမှတ်(၇၈၉)၊ မြေဧရိယာ(၀.၀၅၉)ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် အိမ်အပါအဝင် ၎င်း၏ဆက်နွယ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ပြုလုပ်ခြင်း။

အထက်အရောင်းအဝယ်ပြုလုပ်သည့် ပစ္စည်းစာရင်းပါ မြေကွက်နှင့်အိမ်ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးသန်းအေး[၁၂/တမန(နိုင်)၀၇၄၀၃၀]သည် မိမိသာပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းကြောင်း ဝန်ခံပြီး ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ပိုင်းကို ရောင်းချသူ ဦးသန်းအေးထံသို့ ပေးချေထားပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိမိလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၅၄)**
**တိုက်(၈)၊ အခန်း(၇)၊ တိရစ္ဆာန်ဥယျာဉ်လမ်း၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၂၀၅၁**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# နေပြည်တော်
# (လျှောက်လွှာခေါ်ယူခြင်း)

၁။ အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ဘာသာရပ်ဌာနများတွင် လစ်လပ်လျက်ရှိသော နည်းပြ၊ သရုပ်ပြ (လစာနှုန်းကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) များ ခန့်ထားမည်ဖြစ်ပါသဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသော လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အခမဲ့ရယူ၍ဖြစ်စေ၊ သတင်းစာပါပုံစံကို ကွန်ပျူတာစာစီ၍ ဖြစ်စေ **၅–၆–၂၀၂၆ ရက်၊ သောကြာနေ့** နောက်ဆုံးထားပြီး လူကိုယ်တိုင်ဖြစ်စေ၊ အမြန်ချောဖြင့်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်၍ဖြစ်စေ တင်သွင်းလျှောက်ထားနိုင်ပါသည် –

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်များ | လျှောက်ထားနိုင်သည့်ဘာသာရပ်ဌာနများ |
|---|---|---|
| ၁ | ရန်ကုန်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ နိုင်ငံတကာဆက်ဆံရေးနှင့်နိုင်ငံရေးသိပ္ပံ ၁၀။ မနုဿဗေဒ ၁၁။ ရှေးဟောင်းသုတေသနပညာ ၁၂။ ဓာတုဗေဒ ၁၃။ ရူပဗေဒ ၁၄။ သင်္ချာ ၁၅။ သတ္တဗေဒ ၁၆။ ရုက္ခဗေဒ ၁၇။ ဘူမိဗေဒ ၁၈။ ကုန်ထုတ်ဓာတုဗေဒ ၁၉။ ကွန်ပျူတာသိပ္ပံပညာ ၂၀။ စာကြည့်တိုက်နှင့် သတင်းအချက်အလက်ပညာ |
| ၂ | မန္တလေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ နိုင်ငံတကာဆက်ဆံရေးနှင့်နိုင်ငံရေးသိပ္ပံ ၁၀။ မနုဿဗေဒ ၁၁။ ရှေးဟောင်းသုတေသနပညာ ၁၂။ ဓာတုဗေဒ ၁၃။ ရူပဗေဒ ၁၄။ သင်္ချာ ၁၅။ သတ္တဗေဒ ၁၆။ ရုက္ခဗေဒ ၁၇။ ဘူမိဗေဒ ၁၈။ ကုန်ထုတ်ဓာတုဗေဒ ၁၉။ ကွန်ပျူတာသိပ္ပံပညာ ၂၀။ စီးပွားရေးပညာ |
| ၃ | ရန်ကုန်စီးပွားရေး တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ ဘောဂဗေဒ ၅။ အသုံးချဘောဂဗေဒ ၆။ ဝါဏိဇ္ဇဗေဒ ၇။ စာရင်းအင်းပညာ ၈။ စီမံခန့်ခွဲမှုပညာ ၉။ အသုံးချစာရင်းအင်းပညာ |
| ၄ | ရန်ကုန်ပညာရေး တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ စီးပွားရေးပညာ ၆။ ပညာရေးသဘောတရားနှင့် ပညာရေးစီမံခန့်ခွဲမှု ၇။ သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်း ၈။ ပညာရေးစိတ် ၉။ ကာယနှင့် ကျောင်းကျန်းမာရေး |
| ၅ | မော်လမြိုင်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ ဘူမိဗေဒ ၅။ အဏ္ဏဝါသိပ္ပံ |
| ၆ | ရန်ကုန်အဝေးသင် တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ရုက္ခဗေဒ ၈။ စီးပွားရေးပညာ |
| ၇ | တောင်ကြီးတက္ကသိုလ် | ၁။ စိတ်ပညာ ၂။ အရှေ့တိုင်းပညာ ၃။ ဘူမိဗေဒ |
| ၈ | စစ်ကိုင်းပညာရေး တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဓာတုဗေဒ ၅။ စီးပွားရေးပညာ ၆။ ပညာရေးသဘောတရားနှင့် ပညာရေးစီမံခန့်ခွဲမှု ၇။ သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်း ၈။ ပညာရေးစိတ် ၉။ ကာယနှင့် ကျောင်းကျန်းမာရေး |
| ၉ | ဒဂုံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ နိုင်ငံတကာဆက်ဆံရေးပညာ ၈။ မနုဿဗေဒ ၉။ သင်္ချာ ၁၀။ ရုက္ခဗေဒ ၁၁။ ဘူမိဗေဒ ၁၂။ ကုန်ထုတ်ဓာတုဗေဒ |
| ၁၀ | မကွေးတက္ကသိုလ် | ၁။ စိတ်ပညာ |
| ၁၁ | ပုသိမ်တက္ကသိုလ် | ၁။ စိတ်ပညာ ၂။ အရှေ့တိုင်းပညာ ၃။ ဘူမိဗေဒ ၄။ အဏ္ဏဝါသိပ္ပံ |
| ၁၂ | ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ နိုင်ငံတကာဆက်ဆံရေးပညာ ၈။ ဂျပန် ၉။ ဂျာမန် ၁၀။ ရုရှား ၁၁။ တရုတ် ၁၂။ ပြင်သစ် ၁၃။ ထိုင်း ၁၄။ ကိုရီးယား ၁၅။ ဘာသာဗေဒ ၁၆။ စပိန် ၁၇။ အီတာလျံ |
| ၁၃ | စစ်တွေတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ စိတ်ပညာ ၆။ အရှေ့တိုင်းပညာ ၇။ ဘူမိဗေဒ ၈။ အဏ္ဏဝါသိပ္ပံ |
| ၁၄ | မုံရွာတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ ဒဿနိကဗေဒ ၅။ စိတ်ပညာ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ နိုင်ငံတကာဆက်ဆံရေးပညာ ၉။ ဘူမိဗေဒ |
| ၁၅ | မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ နိုင်ငံတကာဆက်ဆံရေးပညာ ၈။ ဂျပန် ၉။ ဂျာမန် ၁၀။ ရုရှား ၁၁။ တရုတ် ၁၂။ ပြင်သစ် ၁၃။ ထိုင်း ၁၄။ ကိုရီးယား ၁၅။ ဘာသာဗေဒ ၁၆။ စပိန် ၁၇။ အီတာလျံ |
| ၁၆ | မြစ်ကြီးနားတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ သတ္တဗေဒ ၅။ ဘူမိဗေဒ |
| ၁၇ | မုံရွာစီးပွားရေး တက္ကသိုလ် | ၁။ ဘောဂဗေဒ ၂။ အသုံးချဘောဂဗေဒ ၃။ ဝါဏိဇ္ဇဗေဒ ၄။ စာရင်းအင်းပညာ ၅။ စီမံခန့်ခွဲမှုပညာ |
| ၁၈ | မန္တလေး အဝေးသင် တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ စီးပွားရေးပညာ |
| ၁၉ | တောင်ငူတက္ကသိုလ် | ၁။ ပထဝီဝင် ၂။ သမိုင်း ၃။ ဒဿနိကဗေဒ ၄။ စိတ်ပညာ ၅။ အရှေ့တိုင်းပညာ ၆။ ရုက္ခဗေဒ ၇။ ဘူမိဗေဒ |
| ၂၀ | ပြည်တက္ကသိုလ် | ၁။ ပထဝီဝင် ၂။ သမိုင်း ၃။ ဒဿနိကဗေဒ ၄။ စိတ်ပညာ ၅။ အရှေ့တိုင်းပညာ ၆။ ဘူမိဗေဒ |
| ၂၁ | ထားဝယ်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဘူမိဗေဒ ၁၀။ အဏ္ဏဝါသိပ္ပံ |
| ၂၂ | ရတနာပုံတက္ကသိုလ် | ၁။ ပထဝီဝင် ၂။ သမိုင်း ၃။ ဒဿနိကဗေဒ ၄။ စိတ်ပညာ ၅။ မနုဿဗေဒ ၆။ ဘူမိဗေဒ |
| ၂၃ | ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ စိတ်ပညာ ၆။ အရှေ့တိုင်းပညာ ၇။ နိုင်ငံတကာဆက်ဆံရေးပညာ ၈။ မနုဿဗေဒ ၉။ ရုက္ခဗေဒ ၁၀။ ဘူမိဗေဒ |
| ၂၄ | မိတ္ထီလာတက္ကသိုလ် | ၁။ ဥပဒေပညာ ၂။ ဘူမိဗေဒ |
| ၂၅ | ပခုက္ကူတက္ကသိုလ် | ၁။ မြန်မာစာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ အရှေ့တိုင်းပညာ ၆။ ဘူမိဗေဒ |
| ၂၆ | မိတ္ထီလာ စီးပွားရေး တက္ကသိုလ် | ၁။ ဘောဂဗေဒ ၂။ အသုံးချဘောဂဗေဒ ၃။ ဝါဏိဇ္ဇဗေဒ ၄။ စာရင်းအင်းပညာ ၅။ စီမံခန့်ခွဲမှုပညာ |
| ၂၇ | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ အရှေ့တိုင်းပညာ ၆။ ရုက္ခဗေဒ ၇။ ဘူမိဗေဒ |
| ၂၈ | ကျောက်ဆည်တက္ကသိုလ် | ၁။ သမိုင်း ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ ၅။ ဘူမိဗေဒ |
| ၂၉ | ဟင်္သာတတက္ကသိုလ် | ၁။ သမိုင်း ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ ဘူမိဗေဒ |
| ၃၀ | ပင်လုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ အရှေ့တိုင်းပညာ ၆။ ဘူမိဗေဒ |
| ၃၁ | မအူပင်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ ဥပဒေပညာ ၃။ အရှေ့တိုင်းပညာ ၄။ ဘူမိဗေဒ |
| ၃၂ | ဘားအံတက္ကသိုလ် | ၁။ ပထဝီဝင် ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ ဘူမိဗေဒ |
| ၃၃ | ကလေးတက္ကသိုလ် | ၁။ ပထဝီဝင် ၂။ ဥပဒေပညာ ၃။ အရှေ့တိုင်းပညာ ၄။ ရုက္ခဗေဒ ၅။ ဘူမိဗေဒ |
| ၃၄ | မြိတ်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ ၃။ ဘူမိဗေဒ ၄။ အဏ္ဏဝါသိပ္ပံ |
| ၃၅ | လွိုင်ကော်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ သတ္တဗေဒ ၉။ ရုက္ခဗေဒ ၁၀။ ဘူမိဗေဒ |
| ၃၆ | လားရှိုးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ |
| ၃၇ | ကျိုင်းတုံတက္ကသိုလ် | ၁။ သမိုင်း ၂။ အရှေ့တိုင်းပညာ ၃။ ဘူမိဗေဒ |
| ၃၈ | ပဲခူးတက္ကသိုလ် | ၁။ သမိုင်း ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ ၅။ ဘူမိဗေဒ |
| ၃၉ | ရွှေဘိုတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ရုက္ခဗေဒ ၉။ ဘူမိဗေဒ |
| ၄၀ | စစ်ကိုင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ အရှေ့တိုင်းပညာ ၆။ ဘူမိဗေဒ |
| ၄၁ | ရေနံချောင်းတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ ၃။ ဘူမိဗေဒ |
| ၄၂ | မြင်းခြံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ သတ္တဗေဒ ၈။ ရုက္ခဗေဒ ၉။ ဘူမိဗေဒ |
| ၄၃ | မိုးညှင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ သတ္တဗေဒ ၅။ ရုက္ခဗေဒ ၆။ ဘူမိဗေဒ |
| ၄၄ | အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် | ၁။ အင်္ဂလိပ်စာ ၂။ ကွန်ပျူတာသိပ္ပံပညာ ၃။ ဘောဂဗေဒ ၄။ စာရင်းအင်းပညာ ၅။ သတင်းအတတ်ပညာ ၆။ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုပညာ ၇။ စီမံခန့်ခွဲမှုနှင့်ဝါဏိဇ္ဇဗေဒ |
| ၄၅ | မန္တလာတက္ကသိုလ် | ၁။ သမိုင်း ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ ဘူမိဗေဒ ၅။ စီးပွားရေးပညာ ၆။ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုပညာ |
| ၄၆ | ဟားခါးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ |
| ၄၇ | ဟုမ္မလင်းဒီဂရီကောလိပ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ |

၂။ လျှောက်ထားသူသည် –

(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်နှင့် ဆက်စပ်ဘာသာရပ်များတွင် ဘွဲ့ရရှိပြီး မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အရည်အချင်းပြည့်မီသူ (သို့မဟုတ်) ဂုဏ်ထူးတန်းဘွဲ့ရရှိပြီး မဟာဘွဲ့သင်တန်း တက်ရောက်ရန် အဆင့်မီသူ (သို့မဟုတ်) မဟာဘွဲ့ရရှိသူ (သို့မဟုတ်) ပါရဂူဘွဲ့ရရှိသူ ဖြစ်ရမည်။

(ဂ) ဘောဂဗေဒ/အသုံးချဘောဂဗေဒ ဘာသာရပ်ဌာနအတွက် ဘောဂဗေဒ/ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ/ ဖွံ့ဖြိုးမှု ပညာဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MPA)/ ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (MDevS) ရရှိပြီးသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ ဖြစ်ရမည်။

(ဃ) စာရင်းအင်းပညာ/အသုံးချစာရင်းအင်းပညာဘာသာရပ်ဌာနအတွက် စာရင်းအင်းပညာ/လူဦးရေပညာဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။ အသုံးချစာရင်းအင်းပညာမဟာဘွဲ့ (MAS) ရရှိပြီးသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ဖြစ်ရမည်။

(င) ဝါဏိဇ္ဇဗေဒ/စီမံခန့်ခွဲမှုပညာ/စီမံခန့်ခွဲမှုနှင့် ဝါဏိဇ္ဇဗေဒဘာသာရပ်ဌာနအတွက် ဝါဏိဇ္ဇဗေဒ/စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ/စာရင်းကိုင်ပညာ/စီးပွားရေးလုပ်ငန်းသုံးစီမံခန့်ခွဲမှုပညာဘာသာရပ်တွင် မဟာအရည်အချင်းစစ် သင်တန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့(MBA)/ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့(MBF)/ဈေးကွက်စီမံခန့်ခွဲမှုပညာမဟာဘွဲ့(MMM)/အာမခံလုပ်ငန်းဆိုင်ရာ မဟာဘွဲ့ (MI) ရရှိပြီးသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ဖြစ်ရမည်။

(စ) ခရီးသွားလုပ်ငန်းပညာဘာသာရပ်ဌာနအတွက် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာဘာသာရပ်/ BA(Tourism)/ BA(Tourism Management) ဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ ဧည့်ဝတ်နှင့် ခရီးသွားရေး စီမံခန့်ခွဲမှုမဟာဘွဲ့ (MHTM) ရရှိပြီးသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ဖြစ်ရမည်။

(ဆ) စီးပွားရေးပညာဘာသာရပ်ဌာနအတွက် အသိအမှတ်ပြုသည့် တက္ကသိုလ်တစ်ခုခုမှ စီးပွားရေးပညာဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ရရှိပြီး မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(ဇ) **၂၀၂၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့**တွင် မဟာအရည်အချင်းစစ်သင်တန်းတက်ရန် အဆင့်မီသူများနှင့် မဟာတန်း တက်ရောက်ရန် အဆင့်မီသူများဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ မဟာဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက်(၃၈)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိပြီးသူဖြစ်ပါက အသက် (၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဈ) လက်ရှိတာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းဖြစ်ပါက **၂၀၂၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့**တွင် အသက် (၄၀)နှစ် ထက် မကျော်လွန်သူဖြစ်ရမည်။

(ည) အစိုးရဌာနတစ်ခုခု၏ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာနှင့်အတူ (၂)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ ဘွဲ့ထောက်ခံစာ(မိတ္တူ)၊ နောက်ဆုံးနှစ်အမှတ်စာရင်း(မူရင်း)၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ (၁)လအတွင်း ထောက်ခံချက်(မူရင်း)နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ (၁)လအတွင်း ထောက်ခံချက်(မူရင်း) တို့ကို ပူးတွဲတင်ပြရမည်။ (လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် ဖော်ပြပါ အထောက်အထား(မူရင်း)များကို တစ်ပါတည်း ယူဆောင်လာရန်ဖြစ်သည်။)

၄။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုပြီး၊ အောင်မြင်လျှင် လူတွေ့စာမေးပွဲ ဖြေဆိုရမည်။

၅။ ပါရဂူဘွဲ့ရရှိပြီးသူများသည် လူတွေ့စာမေးပွဲကိုသာ ဖြေဆိုရမည်။

၆။ ရေးဖြေစာမေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပြီး ဖြေဆိုရမည့် ခုံအမှတ်နှင့် နေရာကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည် –

| စဉ် | ရေးဖြေ ဖြေဆိုရမည့် ဘာသာရပ် | နေ့ရက်၊ အချိန် |
|---|---|---|
| (က) | မြန်မာစာ | ၂၀–၆–၂၀၂၆ နံနက် (၉)နာရီ မှ (၁၀)နာရီ |
| (ခ) | အင်္ဂလိပ်စာ | ၂၀–၆–၂၀၂၆ နံနက် (၁၀)နာရီ မှ (၁၁)နာရီ |
| (ဂ) | အထွေထွေဗဟုသုတ | ၂၀–၆–၂၀၂၆ နံနက် (၁၁)နာရီ မှ (၁၂)နာရီ |

၇။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ၂၁–၆–၂၀၂၆ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

သို့

ပါမောက္ခချုပ်/ကျောင်းအုပ်ကြီး

----------------------- တက္ကသိုလ်/ဒီဂရီကောလိပ်

ဓာတ်ပုံ

ရက်စွဲ ၊ ---------------------------

**အကြောင်းအရာ။ နည်းပြ/ သရုပ်ပြ ရာထူးလျှောက်ထားခြင်း**

၁။ -------------------------------- တက္ကသိုလ်/ဒီဂရီကောလိပ်တွင် လစ်လပ်လျက်ရှိသော -------------------------------- ဘာသာရပ် နည်းပြ/သရုပ်ပြ ရာထူးသို့ လျှောက်ထားအပ်ပါသည်။

၂။ ကျွန်တော်/ကျွန်မနှင့်ပတ်သက်သော အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် –

(က) အမည် ------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------

(ဂ) မွေးသက္ကရာဇ် ------------------------------------

(ဃ) လူမျိုး ------------------------------------

(င) ကိုးကွယ်သည့်ဘာသာ ------------------------------------

(စ) လက်ရှိပညာအရည်အချင်းနှင့် ------------------------------------
အောင်မြင်သည့်နှစ် ------------------------------------

(ဆ) အဖအမည် ------------------------------------
အမျိုးသားမှတ်ပုံတင်အမှတ်/ ------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------
အလုပ်အကိုင်၊ ဌာန ------------------------------------

(ဇ) အမိအမည် ------------------------------------
အမျိုးသားမှတ်ပုံတင်အမှတ်/ ------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------
အလုပ်အကိုင်၊ ဌာန ------------------------------------

(ဈ) ဝန်ထမ်းဖြစ်လျှင် ------------------------------------
အလုပ်အကိုင်နှင့် ဌာန ------------------------------------

(ည) ဆက်သွယ်ရန်နေရပ်လိပ်စာ အပြည့်အစုံ ------------------------------------
ဖုန်းနံပါတ် ------------------------------------

(ဋ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ ဖုန်းနံပါတ် ------------------------------------

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းတို့ကို ပူးတွဲပေးပို့အပ်ပါသည် –

(က) လိုင်စင်အရွယ်ဓာတ်ပုံ (၂)ပုံ

(ခ) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာ (မိတ္တူ)

(ဂ) နောက်ဆုံးနှစ်အမှတ်စာရင်း/CGPA (မူရင်း)

(ဃ) အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ် (မိတ္တူ)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ (၁)လအတွင်း ထောက်ခံချက် (မူရင်း)

(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ (၁)လအတွင်း ထောက်ခံချက် (မူရင်း)

(ဆ) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်

(ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)

၄။ နည်းပြ/သရုပ်ပြရာထူး ခန့်ထားခြင်းခံရပါက အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်/ ဒီဂရီကောလိပ်များတွင် အလုပ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ (၅)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည် (ခန့်အပ်ခံရသည့် တက္ကသိုလ်/ ဒီဂရီကောလိပ်တွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်)ကို သိရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိပါက ဌာနမှသတ်မှတ်ထားသည့် လျော်ကြေးငွေကို ပေးလျော်မည်ဖြစ်ကြောင်း သိရှိပါသည်။

လေးစားစွာဖြင့်

လက်မှတ် ၊ ---------------------------

ရက်စွဲ ၊ – –၂၀၂၆

အမည် ၊ ---------------------------

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ ဥရောပနိုင်ငံများမှ ခရီးသွားများ အများဆုံးဝင်ရောက်လည်ပတ်ခဲ့

ရန်ကုန် မေ ၁၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင် တည်ရှိသော လန်ပိ အဏ္ဏဝါ အမျိုးသားဥယျာဉ်အတွင်းရှိ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ ဥရောပနိုင်ငံများမှ ခရီးသွားများ အများဆုံးအပန်းဖြေလည်ပတ်ခဲ့ကြောင်း ဝါးအလယ်ကျွန်းအပန်းဖြေစခန်းမှ သိရသည်။

ခရီးသွားရာသီကာလတွင် ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ ဂျာမနီ၊ ရုရှား၊ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ ချက်ပြည်သူ့သမ္မတနိုင်ငံနှင့် အခြားဥရောပနိုင်ငံအချို့မှ နိုင်ငံခြားသားခရီးသွားများ အများဆုံးလာရောက်လည်ပတ်ခဲ့သည်။ ပင်လယ်ပြင်သဘာဝအလှ၊ သစ်တောသစ်ပင်၊ ရှားပါးမျိုးစိတ်၊ ငါး၊ ပုစွန်ပေါက်ပွားရာ ဒီရေရောက်သစ်တောနှင့် သန္တာကျောက်တန်းများ သဘာဝအတိုင်းတည်ရှိမှုကို သဘာဝဂေဟစနစ်အား ချစ်မြတ်နိုးကြသည့် ဥရောပခရီးသွားများ လာရောက်လေ့လာ အပန်းဖြေလည်ပတ်ခဲ့သည်။

ဝါးအလယ်ကျွန်းအပန်းဖြေစခန်းမှ တစ်ရက်လျှင် ခရီးသွား ၄၀ ကျော် လက်ခံပြီး ပင်လယ်အစားအစာနှင့် သဘာဝသစ်သားအိမ်များဖြင့် ဝန်ဆောင်မှုပေးထားကာ စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✻



ဝါးအလယ်ကျွန်းသောင်ပြင်၌ နိုင်ငံခြားသားခရီးသွားများ အပန်းဖြေအနားယူရန် ပြင်ဆင်ထားစဉ်။

# ဘိုလော့ဂ်နာအသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပေမယ့် နာပိုလီအသင်း အမှတ်ပေးဇယားဒုတိယနေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့






နာပိုလီအသင်းနှင့် ဘိုလော့ဂ်နာအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

နာပိုလီအသင်းဟာ အီတလီ စီးရီးအေ ပွဲစဉ် (၃၆) အဖြစ် မေ ၁၂ ရက်က ဘိုလော့ဂ်နာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုလော့ဂ်နာအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပါတယ်။

နာပိုလီအသင်းနဲ့ ဘိုလော့ဂ်နာအသင်းတို့ပွဲစဉ်မှာ နာပိုလီအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်း ပွဲကစားချိန် ၄၅ မိနစ်အပြီး နာကျင်အချိန်ပို ၂ မိနစ်မှာ လော်ရန်ဇိုက တစ်ဂိုး၊ ၄၈ မိနစ်မှာ အဲလစ်ဆင်ဆန်းတိုစ်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ဘိုလော့ဂ်နာအသင်းအတွက် သွင်းဂိုးတွေကိုတော့ ပထမပိုင်း ပွဲကစားချိန် ၉ မိနစ်မှာ ဘာနာဒက်ချီက စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ❒



# လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် မေ ၁၂

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၃၆ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲများ ဆောင်းပါး စာမျက်နှာ » ၆

ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၃)အဆန် / အမှတ်(၄) အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားနှင့် သာစည်-နေပြည်တော်-သာစည်၊ နေပြည်တော်-တောင်ငူ-နေပြည်တော်နှင့် တောင်ငူ-ပဲခူး-တောင်ငူ ခရီးစဉ်အဖြစ် RBE ခရီးတိုရထားများ စတင်ပြေးဆွဲမည် စာမျက်နှာ » ၁၂

ပုသိမ်နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို မဂ္ဂါဝပ် ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် စာမျက်နှာ » ၁၇

# မြန်မာ ယူ-၁၉ အမျိုးသမီးဖူဆယ်အသင်း ဖွဲ့စည်းရန် ရန်ကုန်မြို့၌ လူရွေးပွဲထပ်မံပြုလုပ်မည်

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင် ဘောလုံး ကော်မတီသည် မြန်မာ ယူ–၁၉ အမျိုးသမီး ဖူဆယ်အသင်း ဖွဲ့စည်းရန် ရန်ကုန်မြို့၌ လူရွေးပွဲ ထပ်မံပြုလုပ်မည်ဖြစ်သည်။

မြန်မာ ယူ–၁၉ အမျိုးသမီး ဖူဆယ် လက်ရွေးစင်အသင်း ဖွဲ့စည်းရန် မန္တလေးနှင့်တောင်ကြီး မြို့တို့၌ လူရွေးပွဲများ ကျင်းပပြီး ပဏာမ ကစားသမား ၁၀ ဦး ရွေးချယ်ထားပြီးဖြစ်သည်။ စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ○

